မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၃)

ကျပန်းစကားပြောပြိုင်ပွဲ ပထမဆု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အဆင့်မြင့်အဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မဆုဝင်းမြတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက် ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၁

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြိုင်ပွဲအကဲဖြတ် အမှတ်ပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်နိုင်ငံခြားဘာသာ

စာမျက်နှာ ၃ ကော်လံ ၃ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းမှတ်စု - တင်မာဝင်းနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုလျက်ရှိသည့်

ကျောက်တော်မြို့နယ်က ပြိုင်းချောင်းရေလှောင်တမံ

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်က ကျေးလက်ဒေသနေပြည်သူများ လူမှုဘဝ တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိစေရန် ဆည်တမံများကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးခဲ့၍ ယခုအခါ မိုးစပါးသာမက နွေစပါးကိုပါ ပြည်နယ်နှင့်တိုင်း ဒေသအများအပြားတွင် စိုက်ပျိုးနိုင်ခဲ့ကြပေသည်။

တည်ဆောက်ပေးခဲ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို ၂၀၀၇ခုနှစ် မတ် ၃၀ရက်က ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✳

ပြိုင်းချောင်းရေလှောင်တမံ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

22-11 (01).pmd 1 11/22/2009, 2:34 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၂ရက်)

မီးဘေးအန္တရာယ်ကင်းဝေးရေး အစဉ်သတိပြုကာကွယ် သတိပေးတားမြစ်ချက်များ အလေးထားလိုက်နာဆောင်ရွက်

ယခုကဲ့သို့ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် အချိန်အခါမရွေး ကျရောက်နိုင်၍ အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

မီးဘေးအန္တရာယ်ကြောင့် အိုးအိမ်များ၊ ပစ္စည်းဥစ္စာရတနာများ၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ပျက်စီးဆုံးရှုံးစေနိုင်သဖြင့် ယခုအခါ မီးဘေးလုံခြုံရေး စီမံချက်များကို ကြိုတင်ကာကွယ်မှုအနေဖြင့် ကြိုတင်လေ့ကျင့်ထားကြရမည် ဖြစ်သည်။

မီးလောင်ကျွမ်းခဲ့ရသည့် အကြောင်းရင်းအမျိုးမျိုးတွင် မီးဖိုမီးမှစတင်၍လောင်ခြင်း၊ အလိုအလျောက် လောင်ကျွမ်းခြင်း၊ လျှပ်စစ်ကြောင့် လောင်ကျွမ်းခြင်း၊ ပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်းများ အများဆုံးဖြစ်ပွားခဲ့ရသည်။

အထူးသဖြင့် နေအိမ်များတွင် မီးဖိုမီးကြွင်းမီးကျန်များမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်ရာ မီးဖိုများကို အသုံးပြုပြီးသည့်အခါ မီးငြိမ်းသတ်ကြရမည်ဖြစ်ပြီး လျှပ်စစ်မီးခလုတ်များ၊ ပလပ်များကို မည်သူမျှမရှိသည့်အခါ ပိတ်၍သွားရမည်ဖြစ်သည်။

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်ထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းများ မေ့မေ့လျော့လျော့ မထားမိစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ပေါ့ဆမှုကြောင့် မီးလောင်မှုအများဆုံး ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရသည်။ မီးဘေးအန္တရာယ်ကင်းရန် အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး အရန်သင့်ထားရှိကြရန်လိုသည်။

"မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ" ဆိုသည့် မီးဘေးအန္တရာယ် သတိပေးဆောင်ပုဒ်အရ တိုင်းရင်းသားပြည်သူများက မီးသုံးစွဲမှုကို စနစ်တကျသုံးစွဲပြီး ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်းမဖြစ်ရန် ဂရုတစိုက် သုံးစွဲကြရမည်ဖြစ်သည်။

"မီး" သည် သုံးစွဲတတ်လျှင် မိတ်ဆွေဖြစ်ပြီး မသုံးတတ်လျှင် ရန်သူဖြစ်သည်။ လူသားအားလုံးအတွက် အလင်းဓာတ်နှင့် အနွေးဓာတ်ကို ပေးရုံသာမက ချက်ပြုတ်စားသောက်ရန်အတွက် အထောက်အပံ့ပြုသည်။

မီးဘေးအန္တရာယ်ကာကွယ်ရာတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ကိုင်ရန် လိုအပ်သကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့လျှင်လည်း အမြန်ဆုံးငြိမ်းသတ်နိုင်ရန်အတွက် အစွမ်းထက်သည့် မီးသတ်ပစ္စည်းကိရိယာများကို အသုံးပြုရန်လည်းလိုအပ်သည်။

မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်သတိပေးချက်များ၊ စစ်ဆေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ပြည်သူများအပိုင်းကလည်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးကိုစနစ်တကျအသုံးပြုပြီး ဆောင်ရန် ရှောင်ရန်အချက်များကို အလေးအနက်ထားလိုက်နာကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၉

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၂၆)(ဇာတ်သိမ်း)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရင်ခုန်သံခြင်းထပ်တူ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၀။ လျှပ်တစ်ပြက်
၆:၃၀ ၁၁။ ဘဝကြေးမုံ **နေဝင်ချိန်အချစ်** သုမောင်၊ ချိုပြုံး၊ ဖိုးသောကြာ၊ ဆုပန်ထွာ (ဒါရိုက်တာ-သုမောင်)
၆:၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၁)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု ပြည်သူ့အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၈)

ပင်းတယ၌ ရွှေရင်အေးမိုးစပါး စံကွက်ရိတ်သိမ်း

ပင်းတယ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် ပင်ပျော်ကျေးရွာအုပ်စု ရောက်ချိုအနောက်ရွာရှိ တောင်သူ ဦးကျော်ဝင်းပိုင် ကွင်းအမှတ်(၁)၊ ဦးပိုင်အမှတ်(၅၄/၁၅၀)၊ ဧရိယာ ၂ဒသမ၄၅ဧကစိုက်ခင်း၌ ရွှေရင်အေး မိုးစပါး(လယ်) စံကွက်ရိတ်သိမ်းမှုကို နိုဝင်ဘာ ၁၀ရက်က ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ကြီးခရိုင် မြေစာရင်းဦးစီးဌာနမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စိုက်ပျိုးရေး မြေစာရင်းနယ်ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကပျမ်းမျှ ရွှေရင်အေးစပါး ၁၄၄တင်းထွက်ရှိပြီး တက်ရောက်လာသည့် တောင်သူများအား မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်ငြိမ်းက မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးချိုနိုင်ထွန်းက ရွှေရင်အေးစပါးနှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကိုယ်သာနာ၍ စိတ်မနာစေနှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်တရားတော်** (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၄)
၈:၃၀ Sports World (Sunday Special)
၈:၅၅ စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)
၉:၂၀ Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊မျိုးမြတ်သူ
၁၀:၁၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **မာမီရှိန်း**
၁၀:၄၀ ဈေးဝယ်လမ်းညွှန် (ရွှေကုံ့ကော်ပိုးထည်တိုက်)
၁၁:၀၅ ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ
၁၁:၂၅ Activities in the City (အရိုး၊ အကြော၊အဆစ်ဆိုင်ရာဆွေးနွေးပွဲ)
၁၁:၅၀ ဗီဒီယိုပြခန်း
၁၂:၀၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၂:၂၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၁၂:၄၀ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁:၀၀ **ကိုယ်သာနာ၍စိတ်မနာစေနှင့် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်** (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၄၅ စကားနပန်း (ရောဂါရှိတာ ကောင်းတယ်၊ ရောဂါမရှိတာကောင်းတယ်)
၃:၄၅ Activities in the City (အရိုး၊ အကြော၊အဆစ်ဆိုင်ရာဆွေးနွေးပွဲ)
၄:၁၅ ရန်ကုန်မြင်ကွင်းကျယ် [တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အက်အယ်လ်တိုးစီ အနုပညာအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအခမ်းအနား]
၄:၃၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **မာမီရှိန်း**
၅:၀၅ စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)
၅:၃၀ Sports World (Sunday Special)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ခင်မောင်သွင်)
၇:၀၀ ဘဝများ(ဇေလုဝ)
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ရောဂါရှိတာကောင်းတယ်၊ ရောဂါမရှိတာကောင်းတယ်)
၉:၂၅ **Barclays Premier League** (Tottenham Vs Wigan)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၄)
၁၁:၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၂:၀၅ ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ
၁၂:၂၅ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၂:၃၀ **လှုဖြစ်ရှုံးပါပြီကွာ** (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၂:၄၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် [တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အက်အယ်လ်တိုးစီ အနုပညာအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအခမ်းအနား]
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Bolton-Blackburn	ESPN (Live)
၉:၂၅	Tottenham-Wigan	Star Sports (Live)
၁၀:၂၅	Stoke City-Portsmouth	ESPN (Live)

ကွင်းဆင်းစစ်ဆေး

အောက်တိုဘာ ၂၆ရက်က သရက်မြို့နယ် ပျဉ်ထောင်ကျေးရွာတွင် သုတရောင်ခြည်စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာကို ခရိုင်ဥပဒေအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးငွေးလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေတို့ ကွင်းဆင်းကြည့်ရှုကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဆုပေးအပ်ချီးမြှင့်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အဆင့်မြင့်အဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ပြိုင်ပွဲကျင်းပမှုနှင့် ဆုရွေးချယ်ချီးမြှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းမှ မောင်ဝေယန်လင်းမြင့်က အခြေခံအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုကို လည်းကောင်း၊ မန္တလေးတိုင်းမှ မဆုဝင်းမြတ်က အဆင့်မြင့်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ မမွန်ချောလုံနှင့်အဖွဲ့က အခြေခံအဆင့် စကားဝိုင်းဆွေးနွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းမှ မချစ်စန္ဒီလမင်းထွန်းနှင့်အဖွဲ့က အဆင့်မြင့်အဆင့်စကားဝိုင်း ဆွေးနွေးပွဲ ဝင်ရောက် ယှဉ်ပြိုင်မှုကိုလည်းကောင်း သရုပ်ပြသကြပြီး ကချင်ပြည်နယ်မှ မောင်နောင်တိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အခြေခံအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မောင်ဝေယန်လင်းမြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနော်ရီစလင်းအယ်လင်းနှင့် တတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မခင်သော်တာညို၊ အဆင့်မြင့်အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မဆုဝင်းမြတ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမြတ်နှင်းဖြူနှင့် တတိယဆုရ မကွေးတိုင်းမှ မသဲမြတ်စု၊ အခြေခံအဆင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မမွန်ချောလုံနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုယမင်းစံနှင့်အဖွဲ့နှင့် တတိယဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း)မှ မအိမ်သူဆွေနှင့်အဖွဲ့၊ အဆင့်မြင့်အဆင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မချစ်စန္ဒီလမင်းထွန်းနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မစိုးစန္ဒာလှိုင်နှင့်အဖွဲ့နှင့် တတိယဆုရ မကွေးတိုင်းမှ မအိမွန်ကျော်နှင့်အဖွဲ့၊ အခြေခံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မသက်စုအောင်၊ ဒုတိယဆုရ မကွေးတိုင်းမှ မစုပွင့်ဖြူနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်ငြိမ်းဦးလွင်၊ အဆင့်မြင့်အဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမို့မို့ရွှေနှင့် တတိယဆုရ မန္တလေးတိုင်းမှ မဆန်းစန္ဒာဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြိုင်ပွဲအကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျင်းပခဲ့

အဆိုပါ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် နေပြည်တော်မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းသုံး ယာဉ်ယန္တရားများ လွှဲပြောင်းပေးအပ်

ညောင်ဦး နိုဝင်ဘာ ၂၁

ညောင်ဦးခရိုင်တွင် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ပူးပေါင်း၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်း အပိုင်း(၃)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများလွှဲအပ်ပွဲ၊ စီမံကိန်း ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက်က ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်း၊ ညောင်ဦးခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Miss. KIM Jim-hwaနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ဌာနေကိုယ်စားလှယ် Miss. KIM Jim-hwa က စီမံကိန်းအတွက် အသုံးပြုရန် Santafe ယာဉ် အပါအဝင် ယာဉ် ၁၁စီးကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းထံ လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ဌာနေကိုယ်စားလှယ် Miss. KIM Jim-hwa က စီမံကိန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက စီမံကိန်းရုံးသစ် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဖွင့်လှစ်ပေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့များသည် ပုဂံ-ညောင်ဦးမြို့နယ် စူဠာမဏိဘုရားအနီးတွင် ကျင်းပသည့် အမှတ်တရဆိုင်းဘုတ်စိုက်ထူပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲသို့ သွားရောက်ကာ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

(ခရိုင်ပြန်/ဆက်)

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

ဆေးတက္ကသိုလ်(၂) ၁၉၇၂-၁၉၈၀၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်(စနေနေ့)တွင် M3 Food Centre၌ ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲအတွက် သူငယ်ချင်းများထံ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။ အထူးအစီအစဉ် အနေဖြင့် ကန်တော့ပွဲအပြီး ဇန်နဝါရီ ၃ရက်မှ ၅ရက်အထိ ချောင်းသာခရီးစဉ်ကို သီးခြားထည့်ဝင်ငွေဖြင့် သွားကြမည်ဖြစ်သည်။

ဆက်သွယ်လျှောက်ထားရန်

ဆရာကန်တော့ပွဲအတွက် သူငယ်ချင်းအားလုံး စုံစုံညီညီတက်ရောက်နိုင်ရေး၊ အလှူငွေထည့်နိုင်ရေးတို့အတွက် စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒေါက်တာစိန်ဝင်း-ဒေါက်တာခင်သန်းဝင်း ဖုန်း- ၀၁ ၇၂၂၇၆၀၊ ဒေါက်တာထွန်းဦး-ဒေါက်တာဆွေဆွေစိုး ဖုန်း-၀၁-၅၂၄၄၇၄၊ ၀၁-၇၀၇၆၈၆၊ ဒေါက်တာစောအောင်ငွေ ဖုန်း-၀၁-၆၉၉၅၁၄၊ ၀၁-၂၀၃၁၆၅၊ ၀၉-၅၁-၀၈၃၁၄၊ ဒေါက်တာထင်လှ-ဒေါက်တာဥမ္မာကျော် ဖုန်း-၀၁-၆၆၆၄၆၉၊ ၀၉-၅၁-၇၂၄၂၉၊ ၀၉-၅၀-၈၃၁၅၇၊ ဒေါက်တာခင်သန်းနွယ် ဖုန်း-၀၁-၅၇၉၉၇၆၊ ၀၉-၅၃-၂၀၆၃၃၊ ဒေါက်တာသန်းအောင် ဖုန်း-၀၁-၂၂၁၆၆၂၊ ၀၉-၅၁-၀၄၄၈၄၊ ဒေါက်တာမြင့်မြင့်မူ ဖုန်း-၀၁-၅၀၇၄၂၇၊ ၀၉-၈၀-၂၄၀၈၄၊ ဒေါက်တာစုစုအောင် ဖုန်း-၅၄၆၄၇၃၊ ဒေါက်တာလှဲလှဲဝင်း ဖုန်း-၅၅၈၉၁၀၊ ၀၉-၅၁-၅၅၂၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကချင်ပြည်နယ်မှ မမွန်ချောလုံနှင့်အဖွဲ့ အခြေခံအဆင့် စကားဝိုင်းဆွေးနွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုကို သရုပ်ပြသကြစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ပြိုင်းချောင်းရေလှောင်တမံသည် စီးဝင်ရေ ၂၉၉၈၅ ဧကပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၂၅၀၂၅ ဧကပေ သိုလှောင်ထားရှိသည်။ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၆၂၅ ဧကရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့် (ပင်မတမံ) ၁၁၆ ပေ၊ တမံအလျား ပင်မတမံပေ ၈၆၀ ရှိသည်။

ထိန်းသိမ်းစောင့်ရှောက်

ဤကဲ့သို့ ဆည်တမံများကို ဖော်ဆောင်ပေးခဲ့ခြင်းအားဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု စွမ်းရည်မြင့်မားလာရေး ဖြည့်ဆည်းပေးနေသည့် အခြေခံကျသော စီးပွားရေးကဏ္ဍကြီးအဖြစ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အရေးပါသည့်အချက်မှာ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးပင်ဖြစ်သည်။ ယင်းဆည်တမံများ ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်၍ အကျိုးရှိစွာ အသုံးချသွားရမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေး ဟောပြော

ဝက်လက် နိုဝင်ဘာ ၂၁

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ဝက်လက်မြို့ အထကကျောင်းခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးတင်ထွန်းက မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးဦးအောင်ကျော်ဦးက လောင်းကစားမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းနန္ဒက နာကျင်စေမှုများကိုလည်းကောင်း၊ ဝက်လက်ရဲစခန်း စခန်းမှူး ရဲအုပ်လှသိန်းက မူခင်းကျဆင်းရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လည်းကောင်း သရုပ်ပြပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂွမ်တာနာမိုအကျဉ်းစခန်း လာမည့်နှစ် ပိတ်ပစ်နိုင်မည်ဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၂၁

အမေရိကန် ဂွမ်တာနာမိုစစ်အကျဉ်းစခန်းကို လာမည့်နှစ်တွင် ပိတ်ပစ်နိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက နိုဝင်ဘာ ၂၀ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။ သို့သော် ဇန်နဝါရီလတွင် နောက်ဆုံးထား၍ ပိတ်ပစ်ရန် မူလသတ်မှတ်ချက်အတိုင်း မဖြစ်သည်ကိုလည်း ဝန်ခံလိုက်သည်။

ဂွမ်တာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများအား အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ပေးရေးကို အမေရိကန်အမတ်များက မလိုလားသည့်အတွက် အကျဉ်းစခန်းကို သတ်မှတ်ချိန် နောက်ဆုံးထားပိတ်ပစ်ရန် အခက်အခဲတွေ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်တို့ ပါကစ္စတန်၌ လေကြောင်းမှတိုက်ခိုက်မှု အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဟုဆို

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၁

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ် လူမျိုးစုများနေထိုင်ရာ အာဖဂန်နယ်စပ်ဒေသ၌ နိုဝင်ဘာ ၂၀ရက်တွင် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် ၁၀ ဦးသေဆုံးပြီး များစွာဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အမျိုးသားပြတိုက်၌ ပြသထားသည့် နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်းဆွယ်မှ ရှာဖွေတွေ့ရှိသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်လာဖွယ်ရှိပြီး ပါကစ္စတန်ရှိ တာလီဘန်လက်နက်ကိုင်များအား ပစ်မှတ်ထားတိုက်ခိုက်ရာမှ အရပ်သားများ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဖော်ပြ

၂၀၀၈ခုနှစ် အစောပိုင်းကတည်းက အမေရိကန်မှ ကင်းထောက်လေယာဉ်များဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းတို့ကြောင့် ရာပေါင်းများစွာသော ပါကစ္စတန်ပြည်သူများ သေဆုံးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

ဆန့်ကျင်

ထိုကဲ့သို့အမေရိကန်တို့၏ လေကြောင်းမှဒုံးကျည်ဖြင့် တိုက်ခိုက်မှုများသည် ၄င်းနိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို ချိုးဖောက်ရာရောက်သည်ဟု ပါကစ္စတန်ပြည်သူများနှင့် အာဏာပိုင်အဖွဲ့က ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ကြောင်း ပြောကြားသည်။

(အင်တာနက်)



အမေရိကန် အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း ပထမအကြိမ် လမ်းလျှောက်

ဝါရှင်တန် နိုဝင်ဘာ ၂၁

အမေရိကန်အာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသလွှန်းပြန်ယာဉ် အတ္တလန္တစ်မှနေ၍ အာကာသအတွင်း လမ်းလျှောက်ကြပြီး နိုင်ငံတကာ အာကာသစခန်း(အိုင်အက်စ်အက်စ်)တွင် အင်တင်နာ ဇရိယာတိုင်ကို နိုဝင်ဘာ ၁၉ရက်က စိုက်ထူလိုက်သည်ဟု(အပေါ်ပုံ) **အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)က ကြေညာသည်။**

အာကာသယာဉ်မှူးများဖြစ်ကြသော မိုက်ကယ်ဖိုမင်နှင့် ဒေါက်တာရောဘတ် ဆက်ချာဂျူနီယာတို့သည် ဂရင်းနစ်စံတော်ချိန် ၁၄း၂၄အချိန်တွင် အာကာသအတွင်း ပထမအကြိမ် စတင်လမ်းလျှောက်ကြပြီး လမ်းလျှောက်ချိန် ၆ နာရီနှင့် ၃၇ မိနစ်ကြာသည်။

စိုက်ထူ

ထိုအာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသယာဉ်မှ အပြင်ဘက်ထွက်ပြီး နှစ်နာရီအတွင်း နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)အပြင်ဘက်တွင် အရန်ဇရိယာတိုင်ကို စိုက်ထူလိုက်ကြသည်။ အာကာသယာဉ်မှူးများသည် အစီအစဉ်များကို ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် အာကာသတွင်း ဒုတိယအကြိမ် လမ်းလျှောက်ရန် ပြင်ဆင်လျက်ရှိကြသည်။

ထွက်ခွာ

အတ္တလန္တစ် အာကာသလွှန်းပြန်ယာဉ်သည် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှ အာကာသသို့ နိုဝင်ဘာ ၁၆ရက်တွင် ထွက်ခွာခဲ့သည်။ ယင်းအာကာသခရီးမှာ ၁၁ရက်ကြာမည်ဖြစ်ပြီး အာကာသတွင်း သုံးကြိမ်လမ်းလျှောက်ကြမည်ဖြစ်သည်။ ထို့အပြင် အာကာသစခန်းယာဉ်၏ ကျောရိုးဒိုင်းခွေတွင် ခုံမြင့်နှစ်ခုလည်း တပ်ဆင်ပေးရဦးမည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် အန်ယန်းမြို့ရှိ တရုတ်လူမျိုးတို့၏ ဝိသေသလက္ခဏာ အဆင့်ဆင့်ပြောင်းလာပုံကို ဖော်ကျူးပြသသည့် ပြတိုက်အား နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကြွေးမြီဆိုင်ရာ အစီအစဉ်သစ် ပြင်သစ်အစိုးရ ထုတ်ပြန်ကြေညာ

ပါရီ နိုဝင်ဘာ ၂၁

ပြင်သစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် ရည်ရွယ်လျက် ယူရိုငွေ ၃၅ ဘီလီယံသုံးစွဲမည့် အမျိုးသားကြွေးမြီဆိုင်ရာ မူဝါဒသစ်တစ်ရပ်ကို ပြင်သစ်အစိုးရက တရားဝင်ထုတ်ပြန်ကြေညာလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထုတ်ရောင်းမည်

အဆိုပါမူဝါဒအရ ပြင်သစ်ဘဏ်များက ပေးဆပ်သော အာမခံငွေကြေးများမှ ယူရို ၁၃ ဘီလီယံ(အမေရိကန် ဒေါ်လာ ၁၉ ဘီလီယံ)ကို ကြွေးမြီဆိုင်ရာ မတည်ငွေထဲသို့ ထည့်မည်ဖြစ်ပြီး ကျန်ယူရိုငွေ ၂၂ ဘီလီယံရရှိရန် ငွေကြေးဈေးကွက်အတွင်းသို့ အစိုးရငွေချေးစာချုပ်များ ထုတ်ရောင်းမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အကောင်အထည်ဖော်

ယင်းအစီအစဉ်ကို ဘဏ္ဍာရေးဥပဒေ ပြင်ဆင်ပြီးနောက် လာမည့်နှစ်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရန်၌ A(H1N1)ရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၀ရှိ

တီဟီရန် နိုဝင်ဘာ ၂၁

အီရန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း A(H1N1)တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၄၆၆ဦးရှိပြီး ၄၂ဦး သေဆုံး သွား၍ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၀၀ရှိသွားပြီဖြစ်ကြောင်း၊ ယခုအခါ အဆိုပါရောဂါဖြစ်ပွားသူပေါင်း ၃၁၂၈ဦး ရှိပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၀ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကြေညာ

A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နေသည့်ကြားမှပင် ထပ်မံဖြစ်ပွားလျက်ရှိပြီး သေဆုံးသူများတွင် ကျောင်းသားကျောင်းသူ ၁၇ဦးပါဝင်ကြောင်း ပါလီမန်ပညာရေးကော်မရှင်က ကြေညာသည်။

အလားအလာ

အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားရန် အလားအလာပိုများကြောင်း ကျန်းမာရေးအရာရှိများက သတိပေးပြောကြားသည်။

(အင်တာနက်)

ပြင်သစ်နှင့်အီရတ် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

ပါရီ နိုဝင်ဘာ ၂၁

အီရတ်နှင့် ပြင်သစ်နှစ်နိုင်ငံ အစိုးရတို့အနေဖြင့် စစ်လက်နက်ပစ္စည်းရောင်းဝယ်ရေးနှင့် တပ်ဖွဲ့ဝင်များ နည်းပညာဖလှယ်ရေးကိစ္စရပ်အပေါ် အရေးပါသည့် သဘောတူညီမှုများရရှိနိုင်ခဲ့ကြောင်း ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေသည့် အီရတ်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒဲလ်ကာဒါဂျေဆမ်အယ်လ်အိုဘိုင်ဒီက တရားဝင်ထုတ်ဖော်ပြောကြားသည်။

လက်ခံရရှိ

အီရတ်အစိုးရအနေဖြင့် အရေးပါသည့် ပြင်သစ်လက်နက် အများအပြားကို လက်ခံရရှိပြီးဖြစ်သည့်အပြင် အီးစီ -၆၃၅အမျိုးအစား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၂၄စင်းကို လာမည့်မတ်လအတွင်း၌ လက်ခံရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်၌ လူဦးရေ ၁၆၂သန်းကျော်ရှိပြီဟု ကြေညာ

ဒါကာ နိုဝင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ရှိလူဦးရေမှာ ၁၆၂ဒသမ၂ သန်းဖြစ်ပြီး ၂၀၅၀ခုနှစ်အရောက်တွင် ၂၂၂ဒသမ၅သန်းအထိ တိုးမြင့်ရောက်ရှိနိုင်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ယူအင်န်အက်ဖ်ပီအေ၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားသည်။

အမျိုးသမီးရေးရာ၊ လူဦးရေနှင့် ရာသီဥတုပြောင်းလဲမှုတို့ဖြင့် ဖြစ်ပျက်ပြောင်းလဲနေသော ကမ္ဘာကြီးကို ရင်ဆိုင်နေရဟူသော ခေါင်းစဉ်ဖြင့် ၂၀၀၉ခုနှစ် လူဦးရေ အစီရင်ခံစာကို ဒါကာမြို့တော်အပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့ရှိ မြို့ကြီးများ၌ နိုဝင်ဘာ ၁၈ရက်က ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လူ့သက်တမ်း

၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းမှာ ၁ဒသမ၄ရာခိုင်နှုန်းရှိကြောင်း၊ ကလေး ၁၀၀၀မွေးတိုင်း ၄၂ဦးမှာ သေဆုံးလျက်ရှိကြောင်း၊ ပျမ်းမျှလူ့သက်တမ်းမှာ အမျိုးသား ၆၅ဒသမ၅နှစ်နှင့် အမျိုးသမီး ၆၇ဒသမ ၇နှစ် အသီးသီးရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းသည်

ပနားမား ကုန်တင်သင်္ဘော ယီမင်ကမ်းလွန်၌ ပင်လယ်ဓားပြများ ပြန်ပေးဆွဲခဲ့

ဆိုမာလီပင်လယ်ဓားပြများသည် အေဒင်ပင်လယ်ကွေ့ရှိ ယီမင်ကမ်းခြေအရှေ့မြောက်ဘက်ကမ်းလွန်၌ ပနားမားကုန်တင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲလိုက်ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရက်ဆဒါဆာဘတ် အမည်ရှိ အဆိုပါပနားမားအလံတင် ကုန်တင်သင်္ဘောသည် နိုဝင်ဘာ ၁၉ ရက်က အေဒင်ဆိပ်ကမ်းမှ ထွက်ခွာလာပြီး ဘာလ်ဟက်အမည်ရှိ ယီမင်ဆိပ်ကမ်းမှ ရေမိုင် ၃၆မိုင်ခန့်အကွာတွင် ယင်းကဲ့သို့ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

(အောက်ပုံ)

ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးနှင့် သာယာဝပြောရေး မယ်ကမ္ဘာတို့၏ အခန်းကဏ္ဍ အရေးပါဟုဖော်ပြ

မယ်ကမ္ဘာပြိုင်ပွဲသည် စည်းလုံးညီညွတ်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို တိုးတက်ရရှိစေသည်ဟု တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားကြောင်း တောင်အာဖရိက သတင်းထုတ်ပြန်ရေးအသင်းက ရေးသားဖော်ပြသည်။ ကမ္ဘာကြီးတွင် ဆင်းရဲနွမ်းပါးမှု၊ရောဂါဘယထူပြောမှုနှင့် စစ်ရေးပဋိပက္ခတို့ ကဲ့သို့သော စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်ဖြစ်ကြောင်း၊ မယ်ကမ္ဘာပြိုင်ပွဲဝင်များနှင့် ပြည်တွင်းမယ်ဘွဲ့ ရရှိထားသူများအနေဖြင့် ထိုအခြေအနေများကို အထူးသတိပြုကာ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ ခင်မင်ရင်းနှီးရေးနှင့် သာယာဝပြောရေးတို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများဖြစ်ကြောင်း ဂျက်ကော့ဇူးမားက ပြောကြားသည်။

ကြီးမားသော အပြောင်းအလဲပြုလုပ်ရေး မက္ကဆီကိုသမ္မတ ဆော်ဩ

မက္ကဆီကိုနိုင်ငံ၌ အလုပ်အကိုင်များရရှိနိုင်ရေး၊ သာယာဝပြောမှုတိုးတက်ရရှိစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြီးမားနက်ရှိုင်းသည့် အပြောင်းအလဲများပြုလုပ်သွားရေး မက္ကဆီကိုသမ္မတ ဖိလစ်ပေကယ်လ်ဒရွန်က နိုဝင်ဘာ ၂၀ ရက်တွင် ဆော်ဩလိုက်သည်။ မက္ကဆီကိုတော်လှန်ရေး (၉၉)နှစ်မြောက်အထိမ်းအမှတ် နိုင်ငံတော်အခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့ အရှည်ဆုံးတံတားကြီး အင်ဒိုနီးရှား တည်ဆောက်မည်

အင်ဒိုနီးရှားနိုင်ငံ ဆွန်ဒါရေလက်ကြားတွင် တည်ဆောက်မည့် ကမ္ဘာ့အရှည်ဆုံးတံတားကြီးသည် စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာစေလိမ့်မည်ဖြစ်ကြောင်း၊ ဤသို့ စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဂျကာတာမြို့၌ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ၂၀ရက်တွင် ပြောကြားသည်ဟု ကွန်ပတ်စ်သတင်းစာက ဖော်ပြသည်။ အဆိုပါတံတားသည် စိုက်ပျိုးရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း၊ တံတားကြီးမှရရှိသော အကျိုးကျေးဇူးကြောင့် ဒေသစီးပွားရေးသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဂျင်တီးနားမြောက်ပိုင်း၌ ကိုကင်း ၂၆၅ကီလိုဖမ်းမိ

အာဂျင်တီးနားလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း ဆန်တီယာဂိုဒယ်လ်အစ္စတာရိုပြည်နယ်တွင် နိုဝင်ဘာ ၂၀ရက်က ကိုကင်း ၂၆၅ကီလိုဂရမ်ကို သိမ်းဆည်းလိုက်ပြီး မူးယစ်မှောင်ခိုသူတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ကုန်စုံဆိုင်ရုံ အမိုးပြိုကျ၊ ရှစ်ဦးဒဏ်ရာရ

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တောင်ပိုင်းရှိ ကုန်မျိုးစုံဈေးရုံတစ်ရုံ၏အမိုး နိုဝင်ဘာ ၂၀ ရက်က ပြိုကျရာ ရှစ်ဦးမှာဒဏ်ရာအနည်းငယ်စီရရှိသွားသည်။ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် ယင်းကဲ့သို့ အုတ်နံရံပြိုကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကွန်ကရစ်လမ်းနှင့် စက်ရေတွင်း လသာမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက်စဥ့်အိုးတန်းလမ်း ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲနှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ကွန်ကရစ်လမ်းနှင့် စက်ရေတွင်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကွန်ကရစ်လမ်းမှာ အကျယ်ပေ ၃၀၊ အရှည်ပေ ၈၄၀ရှိပြီး စက်ရေတွင်းမှာအချင်း ရှစ်လက်မရှိ၍ တစ် နာရီ ရေဂါလန် ၆၀၀၀ ထွက်ရှိကာ အိမ်ခြေ ၂၀၀ကျော်အတွက် သန့်ရှင်းကြည်လင်သော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

(၁၀၆)

ဥသျှာအခြေခံပညာမူလတန်းလွန်ကျောင်း စစ်ကောင်းကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥသျှာအခြေခံပညာမူလတန်းလွန်ကျောင်း စစ်ကောင်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက်၉ နာရီက ယင်းကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရ၊ တိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးဝင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းပညာရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်ဦးဝင်းစိန်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်ထံ လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မြိတ်မြို့နယ် ခုံမော်အနောက်ရွာ၌ စာကြည့်တိုက်ဆောက်လုပ် လှူဒါန်း

မြိတ် နိုဝင်ဘာ ၂၁

မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ခုံမော်အနောက်ရွာ၌ စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းပွဲနှင့် တီဗွီ၊ ရေဒီယိုကက်ဆက်၊ စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ဖန်ဆင်းရှင်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးစိန်မင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

လှူဒါန်း

ဆက်လက်၍တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး လှူဒါန်းသည့် သွပ်နှင့် ဘိလပ်မြေအိတ်များ၊ ဦးထွန်းဝင်း-ဒေါ်ရီစိန်း မိသားစုက စာကြည့်တိုက်ဆောက်လုပ်ရေးကုန်ကျငွေကျပ် ၃၃ သိန်း၊ ၂၁လက်မ တီဗွီ (ရုပ်မြင်သံကြား)၊ ရုပ်မြင်သံကြားပြစက် **(အပေါ်ပုံ)**မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မွန်မွန်နိုင်က ရေဒီယိုကက်ဆက်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်စာစောင်များနှင့် စေတနာရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အလက(၄) ကျောင်းဘက်စုံဖွံ့ဖြိုးရေး အလှူငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ဦးအောင်ဝင်း-ဒေါ်နုနုဝင်း၊ သားပြည့်စုံဝင်း၊ သမီး မြိုင်သီရိဝင်း အမှတ် ၅/၂၇ သီရိဂုဏ်အိမ်ရာ မိသားစုက ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၂၁)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့လှဈေး ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ဇီဇဝါလမ်းမကြီး အမှတ် ၁၀နေ မောင်ပြည့်ဖြိုးဟန်နှင့် မောင်မင်းသန့်တို့၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ၆ဟိုသို့ အလှူငွေကျပ်တစ်သိန်းခွဲ လှူဒါန်းရာ လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပုသိမ်မြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းက ပုသိမ်မြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတိုင်းရုံး၌ ပုသိမ်မြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာ၌ ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရေး၊ ဝင်ငွေပိုမိုရရှိရေး၊ အသုံးစရိတ်ချွေတာရေး၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်း အစဉ်တိုးတက်အောင်၊ ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပုသိမ်မြို့ ရွှေးဗိုလ်တပ်ရပ်ကွက် ကမ်းနားလမ်း၌ ကမ်းပြင်၊ ကမ်းထိန်းနံရံများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)**

(သတင်းစဉ်)

မအူပင်၊ ရွှေကူနှင့် ဗန်းမော်မြို့နယ်တို့ရှိ လုပ်ငန်းဆိုင်ရာများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၁၅ရက် နံနက်ပိုင်းက ကျောက်မဲခရိုင် မဘိမ်းမြို့နယ် မိုမင်တန်ကုမ္ပဏီလီမိတက်၏ ၂၀၀၄ခုနှစ် ကျွန်းစိုက်ခင်းဧက ၂၀၀နှင့် ၂၀၀၇ခုနှစ် ကျွန်းစိုက်ခင်းဧက ၅၀၀၊ မဘိမ်းမြို့နယ် ငါးအိုးကြီးဝိုင်း ဌတ်ဘရားသား(စ်)ကုမ္ပဏီလီမိတက်၏ ၂၀၀၈ခုနှစ် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက၂၀၀၊ မဘိမ်းမြို့နယ် ငါးအိုးကြီးဝိုင်း ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်၏ ၁၁၇မိုင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း၊ ၂၀၀၇ခုနှစ် ကျွန်းစိုက်ခင်း ၂၈၃ ဧက၊ ၂၀၀၈ခုနှစ် ကျွန်းစိုက်ခင်း ၉၈၁ဧကနှင့် ၂၀၀၉ခုနှစ် ကျွန်းစိုက်ခင်း ၁၇၈၈ဧကတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရွှေကူမြို့နယ် ရွှေကူကြိုးဝိုင်းသို့ ရောက်ရှိပြီး ကြိုးဝိုင်းအတွင်း သစ်ပင်သစ်တောများပေါက်ရောက်နေမှု၊ သတိပေးတားဆီး ဆိုင်းဘုတ်များ တပ်ဆင်ထားရှိမှု၊ ကြိုးဝိုင်းနယ်နိမိတ်ဘုတ်တိုင်များ စိုက်ထူထားရှိမှုနှင့် ရွှေကူကြိုးဝိုင်း၏ ၂၀၀၇ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၀၀တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

ယင်းနောက် ဝန်ကြီးသည် နေ့လယ်ပိုင်းတွင် ရွှေကူမြို့နယ် မန္တလေးဖောင်ဖွဲ့ရေးဒေသ ရွှေကူဖောင်ဖွဲ့ရေးရုံးသို့ ရောက်ရှိပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ ကျေးလက်အိမ်ရာထူထောင်ရေး၊ ကျေးရွာပိုင် သစ်တောစိုက်ခင်း၏ ၂၀၀၉ခုနှစ် ယူကလစ်တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဗန်းမော်မြို့နယ် ဆင်ကန်းကျေးရွာ သစ်တောစခန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူက စိုက်ခင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ သစ်တောကြိုးဝိုင်းထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ညနေပိုင်းတွင် ဝန်ကြီးသည် ဗန်းမော်မြို့ ဗန်းမော်သစ်ထုတ်ရေးဒေသ ဒုတိယအထွေထွေမန်နေဂျာရုံး၌ ဗန်းမော်ဒေသရှိ သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအားလည်းကောင်း၊ ညပိုင်းတွင် ဝန်ကြီးသည် မြစ်ကြီးနားမြို့ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံး၌ မြစ်ကြီးနားဒေသရှိ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောက်မဲခရိုင် မဘိမ်းမြို့နယ် မိုမင်တန်ကုမ္ပဏီလီမိတက်၏ ၂၀၀၄ခုနှစ် ကျွန်းစိုက်ခင်းနှင့် ၂၀၀၇ ခုနှစ် ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေး

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့တွင်းပြေးမန်းစစ်သည်၊ အောင်ငြိမ်းချမ်း၊ ရွှေမန္တလေး၊ ဟန်နီဦး မော်တော်ယာဉ် အသင်းများမှ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မန္တလေးတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးစိုးမြင့်က ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်စုံစွာ ရှင်းလင်းဟောပြောသည်။ **(ဝဲပုံ)**

ဟောပြော

ထို့နောက် မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ပြုံးချိုက ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်မတော်တဆဖြစ်မှု လျော့နည်းကျဆင်းရေးတို့အတွက် ပညာပေး ဟောပြောဆွေးနွေးကြောင်း သိရသည်။

(၀၉၀)



သုံးခွ အထက (၁)၊ (၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်း သုံးခွမြို့ အထက (၁)၊ (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အသက် ၆၀ကျော် ဆရာကြီး ဆရာမကြီးများ အပူဇော်ခံ တက်ရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးသန်းထွန်း (ရွှေပင်ငွေပင်)ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင် (လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးမြသိန်း ဖုန်း-၆၆၁၃၇၉၊ ဦးအုန်းကြွယ် ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇၊ ဦးအောင်သန်းစိုး ဖုန်း-၂၉၂၂၆၄၊ ဦးကျင်တိုး ဖုန်း-၅၆၄၆၄၂၊ ဦးအုန်းသောင်း ဖုန်း-၀၉-၅၁-၉၁၆၄၆၊ ဒေါက်တာ ငွေးလှ ဖုန်း-၀၉-၅၁-၄၆၀၉၀၊ ဦးဇော်နိုင် ဖုန်း-၀၉-၅၀-၁၈၁၁၆၊ ကိုကျော်ကျော်လေး ဖုန်း-၀၉-၅၁-၇၉၇၀၀နှင့် ဦးရဲအောင် ဖုန်း-၀၉-၅၀-၀၂၈၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပို့ဆောင်ပေးမည်

ရန်ကုန်မှ လိုက်ပါအပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ရန်ကုန်-သုံးခွကားဂိတ် (အေဘီစီကားဂိတ်မှ) ယင်းနေ့ နံနက် ၈ နာရီအထိ စောင့်ကြို ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာကြည့်တိုက်အတွက် လှူဒါန်း

နိုဝင်ဘာ၂ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ပြည်မြို့ လမ်းမတော်လမ်းနေ ဒေါက်တာတင်သိန်း-ဒေါ်ကြည်ကြည်ဝင်း (မဟာသုခဆေးခန်း)မိသားစုက ငွေကျပ် ၈၂၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၁၆၄အုပ် ပေးအပ်လှူဒါန်းရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ ပြည်မြို့စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်တို့က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ မိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ် နှင့် လွိုင်လင်မြို့တွင် ၈ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့တွင် ၁ဒသမ ၁၉လက်မနှင့် လွိုင်လင်မြို့တွင် ၀ ဒသမ ၃၅ လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၂၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

22-11 (06).pmd 1 11/22/2009, 2:34 PM

မြန်မာ - လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး

နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နဝမအကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်ရန် နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြသည်။ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Kouily A.SOUPHAKHET လိုက်ပါလျက် လေကြောင်းခရီးဖြင့် တောင်ကြီးမြို့သို့ ဆက်လက်ထွက်ခွာကြသည်။ ညပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက တောင်ကြီးမြို့ အေးသာယာဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အမြင်ချင်းဖလှယ်

ယင်းနောက် နဝမအကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် တောင်ကြီးမြို့၌ ရှိနေစဉ်အတွင်း ယမန်နေ့တွင် အင်းလေး ဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ညပိုင်းတွင် နဝမအကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဆွေးနွေးညှိနှိုင်းခဲ့

နဝမအကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၇ရက် မွန်းလွဲပိုင်းတွင်ကျင်းပရာ နှစ်နိုင်ငံပူးတွဲ ကော်မရှင်ဝန်ကြီးအဆင့်အစည်းအဝေး သဘောတူညီချက် မှတ်တမ်းမူကြမ်းကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ရောက်ရှိ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ရွှေဘိုမြို့နယ် ဇီးဖြူကုန်းနှင့်ညောင်ကိုင်းကျေးရွာ

လမ်းဖောက်လုပ်ခြင်း အလှူငွေပေးအပ်ပွဲ

ရွှေဘို နိုဝင်ဘာ ၂၁

ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာနှင့် ညောင်ကိုင်းကျေးရွာ လမ်းတံတား ဆောက်လုပ်မှုအတွက် အလှူငွေပေးအပ်ပွဲကို ရွှေဘိုမြို့နယ် ညောင်ကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၈ရက် နံနက် ၉နာရီက ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားသို့ ညောင်ကိုင်းကျေးရွာမှ ဦးသန်းမြင့်-ဒေါ်ခင်အေးမိသားစုက မတည်ငွေကျပ် သိန်း ၅၀၊ ကိုဌေးလွင်-မအေးဝင်း ကမ္ဘာကျော်ဆန်ပွဲရုံမိသားစုမှ ငွေကျပ် နှစ်သိန်း၊ ဦးမြင့်လွင်-ဒေါ်ချိုမာမိသားစုက ငွေကျပ် တစ်သိန်း၊ ကိုသန်းဝင်းစိုး-မယဉ်ယဉ်မော်မိသားစုက ငွေကျပ် တစ်သိန်း၊ အများပြည်သူအလှူရှင်မှကျပ် တစ်သိန်းလေးသောင်း စုစုပေါင်း ငွေကျပ် ၅၅သိန်းနှင့်လေးသောင်းကို လမ်းတံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်သို့ ဦးသန်းမြင့်-ဒေါ်ခင်အေးတို့က ပေးအပ်လှူဒါန်းသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

M.V Tahitian Princess

အပျော်စီးသင်္ဘော ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ကြီးကြပ်ပြီး Myanmar Voyages International Tourism Co., Ltd ၏ စီစဉ်မှုဖြင့် သင်္ဘောအမှုထမ်း ၃၇၃ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၆၂၄ဦးတို့ ပါရှိသည့် M.V Tahitian Princess အပျော်စီးသင်္ဘောသည် အိန္ဒိယသမ္မတနိုင်ငံ ချန်နိုင်းဆိပ်ကမ်းမှတစ်ဆင့် နိုဝင်ဘာ ၁၄ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ထို့နောက် ခရီးသည်များသည် အဖွဲ့များခွဲ၍ ရန်ကုန်မြို့တွင်းနှင့် သန်လျင်မြို့တွင်းတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့တွင်းနှင့် သန်လျင်မြို့တွင်းတို့ကိုလည်းကောင်း လည်ပတ်ခဲ့ပြီး ယင်းနေ့ မွန်းလွဲ ၁နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများအား

ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် တွေ့ဆုံမှာကြား

နေပြည်တော် နိုဝင်ဘာ ၂၁

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် နိုဝင်ဘာ ၁၈ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ မန္တလေးခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ **(အောက်ပုံ)** သင်ကြားမှု အရည်အသွေး မြင့်မားရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ ကျောင်းသားကျောင်းသူများ၏ သင်ကြားမှု၊ သင်ယူမှုတွင် တတ်မြောက်မှုရှိ၊ မရှိ ဆန်းစစ်အကဲဖြတ်ရေး၊ တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးအတွက် FPD စနစ်အကဲဖြတ်ရာတွင် မှန်ကန်စွာ ဆောင်ရွက်ရေး၊ ကျောင်းအုပ်ကြီးများသည် စီမံခန့်ခွဲရေးလုပ်ငန်းအပြင် သင်ကြားရေးလုပ်ငန်းများကို အလေးထား ကြပ်မတ်ဆောင်ရွက်ရေး၊ မြို့နယ်ပညာရေးမှူးများသည် မြို့နယ်တစ်ခုလုံး၏ ပညာရေး လုပ်ငန်းများ တိုးတက်အောင် ကြပ်မတ်ကွပ်ကဲရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

အထိမ်းအမှတ်အခမ်းအနား ချမ်းမြသာစည်မြို့နယ်၌ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၁

ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၉နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖြန့်ဝေ

ရှေးဦးစွာ တက်ရောက်လာကြသူများအား ဆီးချို၊ သွေးချိုရောဂါနှင့် ပတ်သက်၍ အခမဲ့ စမ်းသပ်စစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမှာစကား

ထို့နောက် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ သဘာပတိ ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၁) ပါမောက္ခဌာနမှူး သမားတော်ကြီး ဒေါက်တာအောင်ကြီးနှင့် ခုတင်(၃၀၀)ဆံ့ သင်ကြားရေး ဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ သမားတော်ကြီး ဒေါက်တာအေးအေးအောင်တို့က ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများကို ပညာပေး ဟောပြောကြသည်။

၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ ''ဆီးချို၊ သွေးချိုသဘာဝ သိရှိနားလည်ကာကွယ်ကြ'' ဟူ၍ ဖြစ်ကြောင်း သိရသည်။ (မန္တလေး/ကိုယ်ပွား)

● *ကျော်ဖုံးမှ*

ကြော်လှော်ခြင်းမှာ ခေတ်မမီတော့ကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်။ ငါးကိုပြုတ်စားခြင်း သို့မဟုတ် ကင်စားခြင်းဖြင့် နှလုံးရောဂါကာကွယ်နိုင်သည့် အိုမေဂါ-၃ဖက်တီးအက်စစ်များရရှိသည်။ ငါးဟင်းလျာတွင် ပဲငံပြာရည်အနောက် သို့မဟုတ် တို့ဟူးထည့်ခြင်းဖြင့် ပိုမိုအကျိုးသက်ရောက်သည်ဟု ဆိုသည်။

ပညာတန်ဆောင်စာကြည့်တိုက်

ပန္နက်တင်ပွဲ

လှည်းကူးမြို့နယ်၌ ကျင်းပ

လှည်းကူး နိုဝင်ဘာ ၂၁

နိုင်ငံတော်ပံ့ပိုးငွေဖြင့် ဆောက်လုပ်မည့် လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာအုပ်စု ပညာတန်ဆောင် စာကြည့်တိုက် ပန္နက်တင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်တို့ တက်ရောက်ပြီး ပန္နက်တင်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ

စာငှားစနစ်ကျင့်သုံးရေး စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား) မှ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးသည် စမ်းချောင်းမြို့နယ်ရုံး စာဖတ်ခန်း၌ နိုဝင်ဘာ ၁၉ရက် နံနက် ၁၁နာရီက မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ဌာနလုပ်ငန်းများအောင်မြင်ရေးအတွက် စေတနာထားကာ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအရည်အသွေးမြင့်မားရန် ကြိုးစားဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိက မြို့နယ်ရုံး၏ လစဉ်စာအုပ်ဝယ်ယူမှု၊ လစဉ်လှူဒါန်းရရှိမှု၊ စာဖတ်စာငှားမှတ်တမ်းထားရှိမှု၊ ရပ်ကွက်စာကြည့်တိုက်များ စာငှားစနစ် ကျင့်သုံးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုတို့ကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ခရိုင်ဦးစီးအရာရှိသည် နိုဝင်ဘာ ၁၇ရက်က မရမ်းကုန်းမြို့နယ်သို့လည်းကောင်း၊ ၁၈ရက်က ကမာရွတ်မြို့နယ်သို့လည်းကောင်း ကွင်းဆင်း၍ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သိမ်ဆိပ် အထက ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် သိမ်ဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သိမ်ဆိပ် (ယခင် အမကသာသနာပင်) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက(ခွဲ) သိမ်ဆိပ်စွယ်တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာမကြီး ဒေါ်ခင်သောင်း (၉၅)နှစ်၊ ဦးထွန်းတင် (၉၁)နှစ်၊ ဦးစံဟိန်း (၈၂)နှစ်၊ ဒေါ်ဖွားစိန် (၈၃)နှစ် အပါအဝင် အငြိမ်းစားဆရာကြီး ဆရာမကြီး ၄၂ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်၍ ငွေပဒေသာပင်နှင့် အလှူငွေများကို ဒေါ်ခင်ဝင်း ဖုန်း-၂၂၁၂၄၇၊ ဒေါ်နန်းစောလှိုင် ဖုန်း-၀၅၇-၆၉၃၅၀၊ ဦးထွန်းအောင် (ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၆၉၀၈၀၊ ဦးထွန်းဝင်း ဖုန်း-၀၅၇-၆၉၁၅၈၊ ဦးအောင်နိုင်ဦး ဖုန်း-၀၅၇-၆၉၁၁၁၊ ဦးအောင်သောင်းသိန်း ဖုန်း-၀၅၇-၆၉၃၀၅၊ ဦးဖိုးကော် ဖုန်း-၀၅၇-၆၉၇၅၄၊ ဒေါ်ခင်မြင့် ဖုန်း-၀၅၇-၆၉၃၅၂၊ ဒေါ်နိုင်နိုင်ဦး ဖုန်း-၀၅၇-၆၉၂၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား တွေ့ဆုံ အမှာစကားပြောကြားကာ အဖွဲ့ခေါင်းဆောင်ထံ အောင်နိုင်ရေးအလံ ပေးအပ်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ကော်မတီဝင်များ၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အလုပ်အမှုဆောင်များ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ခံ နာယကများ၊ ဥက္ကဋ္ဌများနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခု သွားရောက်ယှဉ်ပြိုင်မည့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အားကစားနည်း ၂၅မျိုး ထည့်သွင်း ကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အချိန်ယူ စခန်းသွင်းလေ့ကျင့်စေပြီး အဆင့်မီစွာပါဝင် ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၁၈မျိုးကို အားကစားသမား ၂၁၄ဦး၊ အုပ်ချုပ်/နည်းပြ ၇၅ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၄၀၊ ဒိုင်/ဂျူရီအဖွဲ့ ၃၀ စုစုပေါင်းအင်အား ၃၅၉ဦးနှင့် ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အားကစားအောင်နိုင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားအားလုံး၏ ပခုံးထက်တွင် ကျရောက်နေသည်ကို သတိပြုကြရန်လိုကြောင်း၊ ယနေ့ မြန်မာအားကစားအဖွဲ့သို့ အပ်နှင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အလံတော်သည် ဂုဏ်ဒြပ်ရော အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည် ဆိုသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံ တစ်လူလူ လွင့်ပျံနေရအောင် ရေကုန်ရေခန်းအစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

အောင်နိုင်ရေးအလံအပ်နှင်း

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်ထံ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေး အလံကို အပ်နှင်းသည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကတိပြုစကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲများအတွက် မြန်မာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ပြသခြင်းနှင့် အားကစားအဖွဲ့ချုပ်အသီးသီးမှခင်းကျင်းပြသထားသော အားကစားသမားများ အသုံးပြုမည့် အထောက်အကူပြု အားကစားပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်ထံ အောင်နိုင်ရေးအလံကို အပ်နှင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MONYWA OPEN Golf Championship ၁၈ကျင်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ Future Engineering Group မှ အဓိက ကူညီပံ့ပိုးသော MONYWA OPEN Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်ကို နိုဝင်ဘာ၂၁ရက် နံနက် ၇နာရီခွဲက စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာ ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

တတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon) နှင့်

သိန်းဇော်မြင့် (KM Golf Centre) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိပြီး သန်းနိုင်က သုံးရက်ပေါင်းရိုက်ချက် ၂၁၈ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(မြန်မာ့လက်ရွေးစင်) **(ဝဲပုံ)** က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး နိုင်ရဲလင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၃ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို Main Sponsor အဖြစ် Future Engineering Group က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Htoo Group of Companies, International Beverages Trading Co., Ltd. (IBTC), Pacific Asia Hi-Tech, အောင်သမာဓိရွှေဆိုင်၊ HAN Golf Masters Pte., Ltd. နှင့် မုံရွာ ဂေါက်ကလပ်တို့က ထပ်မံပံ့ပိုး ကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ပရော်ဖက်ရှင်နယ် ... အဖွဲ့ဝင်နိုင်ငံမျ...

ရန်...

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ ပရော်... များနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားကို ယ...

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ... ပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ဘောလုံးအ... အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကမ္ဘာ့... ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တက်ရောက်လာကြသော... ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား ဗီဇာအထိမ်းအ... အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး... ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်ဘောလုံးအဖွဲ့... ရိုက်ကြသည်။ **(အောက်ပုံ)**

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်န... နေမှုများ၊ သက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များ၏ ... လိုအပ်သည့် အကူအညီများပေးသွားမည်ဖြစ်ပြီး အ... **(ယနေ့)** နံနက် ၉နာရီတွင် ဆီဒိုးနားဟိုတယ်၌ ... သိရသည်။

ဘုရင့်နောင်ဈေးတွင် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဈေးများဌာနအောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မိသားစု၏(၁၀)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက အဆိုပါဈေး၌ ကျင်းပသည်။**(အောက်ပုံ)** ယင်းသွေးလှူဒါန်းပွဲတွင် ဈေးသာယာရေးအဖွဲ့အတွင်းရေးမှူးနှင့် သွေးလှူပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဈေးသာယာရေးအဖွဲ့နှင့် အလှူရှင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနအတွက် လှူဒါန်းငွေကျပ် ၁၅၅၂၇၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ စုပေါင်း သွေးလှူဒါန်းပွဲကိုကျင်းပရာ ဘုရင့်နောင်ဈေး ဈေးသူဈေးသား မိသားစု သွေးလှူရှင်များ၊ ပြင်ပသွေးလှူရှင်အဖွဲ့များ၊ စေတနာရှင်သွေးလှူရှင်များက သွေးပုလင်းပေါင်း၁၇၈ပုလင်းကိုလှူဒါန်းကြသည်။

စီစဉ်ထား

ဘုရင့်နောင်ဈေး မိသားစုများက ယခင် (၉)ကြိမ်မြောက်အထိ သွေးပုလင်းပေါင်း၂၄၇၂ပုလင်းနှင့် ငွေကျပ်သိန်း ၁၈၀ကို အမျိုးသားသွေးဌာနသို့ လှူဒါန်းခဲ့ပြီး ဆက်လက်၍ ဘုရင့်နောင် ဈေးသာယာရေးအဖွဲ့အနေဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန် စီစဉ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၉

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	**အင်္ဂုလိမာလ** (ယဉ်ဝေယံထွန်း တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	အဆိုပြိုင်ပွဲ
၇:၅၀	၆။	သံသာချိုအေး မင်္ဂလာတေး
၈:၀၅	၇။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅	၈။	အတီးပြိုင်ပွဲ
၈:၂၀	၉။	တေးဂီတအစီအစဉ်
၈:၃၀	၁၀။	International News
၈:၄၀	၁၁။	Crossroads Cafe (Episode-8) (Family Matters)
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၀	၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၈)
၁၂:၂၀	၄။	Golf Magazine (TV)
၁၂:၃၀	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **ဂမ္ဘီရထီး** ဇေလှ၀၊ မြတ်ကေသီအောင် (ဒါရိုက်တာ-နေမင်းမြတ်)
၁၄:၁၀	၆။	စတုတ္ထအကြိမ်မြောက် အာဆီယံ ဘဏ်စမ်းပဟေဠိ ပြိုင်ပွဲ
၁၄:၄၅	၇။	International News
၁၅:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀	၃။	အကပြိုင်ပွဲ
၄:၃၅	၄။	နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၇။	**အိုးပိုင် အိမ်ပိုင်**
၅:၂၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၀	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	**တစ်မျက်နှာ တစ်ကွက်စာ မျှဝေခံစားကြသူများ** ဦးကျော်လှိုဆွေ၊ ဒေါ်ထား၊ ညီကျော် (ဒါရိုက်တာ-ထူးသာ)
၇:၀၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၄)
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	ကာတွန်းအစီအစဉ် ဒိုင်နိုဆောမိသားစု စွန့်စားခန်း (အပိုင်း-၆၂)
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၄)
	၁၈။	အစီအစဉ်ပြီး၏။

စာငှားစနစ်ကျင့်သုံးရေး စဉ့်ကိုင်၌ဆွေးနွေး

စဉ့်ကိုင် နိုဝင်ဘာ ၂၁

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၉ရက်က စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာ ပညာရွာစာကြည့်တိုက်၊ တောင်ရင်းကျေးရွာ လင်းလက်ကြယ် စာကြည့်တိုက်၊ စွန်ရဲကျေးရွာ ဘဝအလှစာကြည့်တိုက်များသို့ သွားရောက်ပြီး စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်နှင့် စာဖတ်သူတိုးပွားရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များဖြစ်ရေးနှင့် စာငှားစနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ငွေအဆင့် ပထမဆုရရှိသော ဦးဇော်ဝင်း (ရွှေဘို)အား အဝတ်လျှော်စက် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ကို ဦးမြင့်နိုင် (အေဂျီတီအိုင်ဂေါက်အဖွဲ့အတွင်းရေးမှူး၊ ကော်ပီမန္တလာ)က ဆုချီးမြှင့်စဉ်။ (၁၆၂)

ပရော်ဖက်ရှင်နယ်ဘောလုံးသို့ ပြောင်းလဲမှု အဖွဲ့ဝင်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ ပရော်ဖက်ရှင်နယ်ဘောလုံးသို့ ပြောင်းလဲမှုများပြုလုပ်နေသော အဖွဲ့ဝင်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

အမှတ်တရ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ Member Association Services Mr. Urs Zanitti က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တက်ရောက်လာကြသော ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့မှ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား ဖီဖာအထိမ်းအမှတ်အလံငယ်များ ပေးအပ်ကြသည်။ ယင်းနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

တက်ရောက်

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပရော်ဖက်ရှင်နယ်ဘောလုံးလောကအတွက် ဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များ၏ ဆောင်ရွက်မှုများကို ဖီဖာမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လိုအပ်သည့် အကူအညီများပေးသွားမည်ဖြစ်ပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ၂၂ရက် **(ယနေ့)** နံနက် ၉နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကာ သတင်းမီဒီယာများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သိန်းဇော်မြင့် (KM Golf Centre) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိပြီး သန်းနိုင်က သုံးရက်ပေါင်းရိုက်ချက် ၂၁၈ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(မြန်မာ့လက်ရွေးစင်) **(ဓိပုံ)** က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး နိုင်ရဲလင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၃ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို Main Sponsor အဖြစ် Future Engineering Group က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Htoo Group of Companies, International Beverages Trading Co., Ltd. (IBTC), Pacific Asia Hi-Tech, အောင်သမာဓိရွှေဆိုင်၊ HAN Golf Masters Pte., Ltd. နှင့် မုံရွာ ဂေါက်ကလပ်တို့က ထပ်မံပံ့ပိုး ကူညီကြကြောင်း သတင်းရရှိသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

ငွေအဆင့် ပထမဆုရရှိသော ဦးဇော်ဝင်း (ရွှေဘို)အား အဝတ်လျှော်စက် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ကို ဦးမြင့်နိုင် (အေဂျီတီအိုင်ဂေါက်အဖွဲ့အတွင်းရေးမှူး၊ ကော်ပီမန္တလာ)က ဆုချီးမြှင့်စဉ်။ (၁၆၂)

ပြင်ဦးလွင် ဆင်ခေါင်းလေးကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ဆင်ခေါင်းလေးကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် နိုင်ငံတော်မတည်ငွေကို နိုဝင်ဘာ ၅ရက်က နေပြည်တော် (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အဆိုပါ ကျေးရွာမှ ဆောက်လုပ်ရေးကော်မတီဝင် ဦးငွေဝင်းထံ ပေးအပ်လှူဒါန်းသည်။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် ပြင်ဦးလွင်မြို့နယ် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းလိုက်နာရန်နှင့် ကျေးလက်စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး စာငှားစနစ် စနစ်တကျရှိရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ကြရန် ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

အေဂျီတီအိုင် ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၁

အေဂျီတီအိုင် ဂေါက်သီးရိုက်အသင်းမှ ကြီးမှူး၍ နိုဝင်ဘာ ၁၆ရက်က မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ ဂေါက်သီးရိုက်ကစားသမား ၁၂၁ဦးတို့ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

နှုတ်ခွန်းဆက်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရေတံခွန်တောင်ဂေါက်ကွင်း လေ့ကျင့်ရေးမြက်ခင်းပြင်၌ ကျင်းပရာ အခမ်းအနားမှူး ဦးသန်းညွှန့် (ကညန) မှ အခမ်းအနား ဖွင့်လှစ်ကြောင်းကြေညာ၍ ကျောင်းသားဟောင်း ဦးတိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုများကို ရွှေအဆင့်၊ ငွေအဆင့်နှင့် မိတ်ဆွေများ ဆုသုံးမျိုး သတ်မှတ်ကစားခဲ့ကြရာ ဆုပေါင်း ၂၇ဆုကို ချီးမြှင့်သည်။ ရွှေအဆင့်၊ တတိယဆုကို ဦးစိုးမိုးအောင်(ရွှေဘို)၊ ဒုတိယဆုကို ဦးဝင်းမြင့် (ရွှေစာရံ)၊ ပထမဆုကို ဦးသန်းဇော်ဦး(အင်းသား)မှလည်းကောင်း၊ ငွေအဆင့် ပြိုင်ပွဲ တတိယဆုကို ဦးကျော်မင်းထွန်း (ဆ-သ-ရ-မန္တလေး)မှလည်းကောင်း၊ ဒုတိယဆုကို ဦးမြင့်ဆွေ (ဆ-မ)မှလည်းကောင်း၊ ပထမဆုကို ဦးဇော်ဝင်း (ရွှေဘို)မှလည်းကောင်း၊ မိတ်ဆွေများ တတိယဆုကို ဦးကေကြီး (မိုးဇေယျာ)မှလည်းကောင်း၊ ဒုတိယဆုကို ဦးဖြိုး(မန္တလေး)မှ လည်းကောင်း၊ ပထမဆုကို ဒုတိယဗိုလ်မှူးကြီးတင်ဦး (လ-ပ-ခ)တို့က အသီးသီး ဆွတ်ခူး ရရှိသွားသည်။

ကျင်းပမည်

ထို့နောက် အေဂျီတီအိုင် ကျောင်းသားဟောင်းများ ဗဟိုအတွင်းရေးမှူး ဦးကြည်လင်းက နိဂုံးချုပ် နှုတ်ခွန်းဆက်စကားပြောကြားပြီး (၁၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ ဒညင်းကုန်းဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၆၂)

❐ *ကျော်ဖုံးမှ*

ရောင်းဝယ်ဖောက်ကား

ယခင်က ပုသိမ်-ရန်ကုန်ခရီးသည် ရေကြောင်းတစ်ခုတည်းသာ အားထားလာခဲ့ရာမှ ၂၀၀၁ခုနှစ် ဗိုလ်မြတ်ထွန်းတံတားကြီး တည်ဆောက်ပြီးစီးသည့်နောက်တွင် ကားလမ်းပေါက်သွားခဲ့ပေရာ ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့များအဖို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသထွက်ကုန် စပါး၊ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ပစ္စည်းများလည်း ရောင်းဝယ်ဖောက်ကား အင်အားကြီးမား တိုးတက်လာခဲ့ပေပြီ။

အဓိကထွက်ကုန်

ပုသိမ်-ရန်ကုန်လမ်းမကြီး လမ်းဘေးဝဲယာတွင် စပါးခင်းများအပြင် ငါးမွေးမြူရေးကန်များကိုလည်း တွေ့ရသည်။ နိုင်ငံ၏စီးပွားရေးအတွက် အဓိကထွက်ကုန်များထွက်ရှိရာ ဧရာဝတီတိုင်း၏ စပါးနှင့် ငါးမွေးမြူရေးကန်များ၊ ပုစွန်ကန်များပင်တည်း။

ပုသိမ်မြို့အဝင်တွင် ကျူးဘားအုန်းပင်များ လမ်းဘေးဝဲယာတွင် အတန်းလိုက် စိုက်ထားသည်မှာ လှပနေသည်။ အုန်းပန်းပင်များ အဆုံးတွင် ဆင်ရုပ်ကြီးနှစ်ကောင်က နှာမောင်းမြှောက်၍ ကြိုဆိုနေကြသည်။ ဆင်ရုပ်ကြီးများ၏နောက်တွင် တိုင်းမြို့တော် "ပုသိမ်မြို့ သန့်ရှင်းသာယာလှပရမည်" ဟူသော ဆိုင်းဘုတ်ကြီးက ပုသိမ်မြို့တော်၏ ဂုဏ်ကိုဆောင်နေသည်။ မြို့အဝင်တွင် ပုသိမ်ဒေသထွက်ကုန် ပုသိမ်ထီးသုံးလက်ဆင့်ကာ စာတန်းရေးထိုးထားသည့် "ပုသိမ်မြို့ကလှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုသော မုခ်ဦးဆိုင်းဘုတ်ကလည်း ဆန်းပြားလှပစွာဖြင့် မြို့အတွက် ဂုဏ်ယူစရာ အမှတ်အသားအဖြစ် ခံ့ထည်စွာ တည်ရှိနေသည်။

အမိမြန်မာပြည်ရုပ်တု

ပုသိမ်မြို့တွင်း လမ်းဆုံအရောက်တွင်တော့ ရွှေရောင်တဝင်းဝင်းဖြင့် အမိမြန်မာပြည်ရုပ်တုက ရွှေဖလားပိုက်ကာ သပြေပန်းဖြင့် လက်ကမ်းကြိုဆိုနေပြီး အမိမြန်မာပြည်ကို တောင်သူလယ်သမား၊ အလုပ်သမား၊ စစ်သည်တော်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များက ဝိုင်းဝန်းခြံရံလျက်ရှိသည့် ပုံဖော်ထားသည်မှာ ကျက်သရေရှိလှသည်။ ရုပ်တုများအောက်မှ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ဆောင်ပုဒ်မှာလည်း ခွန်အားပြည့်ဝစွာဖြင့် သဘာဝကျလှသည်။

စိုပြည်ရေး

ပုသိမ်မြို့သည် ဧရာဝတီတိုင်း၏ အဓိကမြို့ဖြစ်သည်။ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပုသိမ်မြို့အား တိုင်းအဆင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများအား မြို့အသွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ကြီးဌာန၏ဦးဆောင်မှု၊ တိုင်းစည်ပင်သာယာရေးအဖွဲ့၏ကွပ်ကဲမှုဖြင့် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ဆောင်ရွက်

ပုသိမ်မြို့ပေါ်တွင် ရပ်ကွက်ကြီး ၁၅ ရပ်ကွက်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေပြည်သာဈေး၊ မြို့မဈေး၊ မြို့သစ်ဈေး၊ အောင်ဇေယျာဈေး၊ အောင်သီရိဈေး၊ ကမ်းနားဈေး၊ ဇေယျာမင်းဈေးဟူ၍ ဈေးခုနစ်ဈေး ရှိသည်။ ဈေးသန့်ရှင်းရေးအတွက် တစ်နေ့တစ်ကြိမ် အမှိုက်သိမ်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များမှထွက်ရှိသည့် အမှိုက် ၂၁တန်ခန့်ကို နေ့စဉ် အမှိုက်သိမ်းယာဉ် ခြောက်စီးမှ ခေါင်းလောင်းထိုးစနစ်ဖြင့် အမှိုက်ကင်းမဲ့ဇုန်ဖြစ်မြောက်ရေးစီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ မြို့ပေါ်ရပ်ကွက် ၁၄ရပ်ကွက်အား အမှိုက်ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည်။ အဓိက လမ်းမကြီးများဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ မင်းကြီးလမ်း၊ ကမ်းနားလမ်း၊ ဗလီလမ်းတို့တွင် နေ့စဉ် တံမြက်လှည်းသန့်ရှင်းရေး ဝန်ထမ်း ၂၀နှင့် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။

ရှင်းလင်းပြောကြား

ပုသိမ်မြို့ လှပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပုံများကို အမှုဆောင်အရာရှိ ဦးစိုးဝင်းက ရှင်းလင်းပြောကြားစဉ်။
(မြန်မာ့အလင်း)

မြို့တွင်းလမ်းများဖြစ်သော ကမ်းနားလမ်း၊ မကျီးပင်တန်းလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ မင်းကြီးလမ်းများ၏ လမ်းဘေးဝဲယာတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အကျယ်နှစ်ပေ၊ အနက်နှစ်ပေရှိသော ရေမြောင်းများ တူးဖော်ဆောင်ရွက်ပေးခဲ့သည်။ မဟာဗန္ဓုလလမ်း လမ်းဆုံတွင် ခေတ်မီလှပသည့် နာရီစင်လည်းရှိသည်။

ကတ္တရာလမ်း

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းများကောင်းမွန်ရန်အတွက် တဂေါင်းဘုရားလမ်း၊ မင်းရဲကျော်စွာလမ်း၊ ကင်မလင်းကျွန်းလမ်း၊ မဟာဗန္ဓုလလမ်း၊ ကမ်းနားလမ်း၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ မရမ်းချိုလမ်း၊ ရွှေစေတီလမ်း၊ ကုန်သည်လမ်း၊ ပညာရေးကောလိပ်ပတ်လမ်း၊ ဘန့်ဘွေးကုန်းလမ်း၊ နတခလမ်း၊ ရွှေဝါထွန်းလမ်းနှင့် စံပြလမ်းသွယ်များကို ကတ္တရာလမ်းအဖြစ် ခင်းပေးခဲ့သည်။

ကျေးလက်တံတား

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့်ကျေးလက် တံတားများကို တည်ဆောက်ပေးခဲ့သည်။ မြို့ပြတံတားအဖြစ် ရှင်ပင်ဘုန်းပွင့်တံတား၊ ရွှေဝါထွန်းလမ်းတံတား၊ စံပြလမ်းတံတား၊ အိုးဘိုတန်းလမ်း ကွန်ကရစ်လမ်းတံတားများအဖြစ်လည်းကောင်း၊ ကျေးလက်တံတားအဖြစ် ဇရပ်ဆိပ်-ဝွေးတောက်ချောင်း သစ်သားတံတားနှင့် ဖိုးရွှေမြကုန်း-သဲဂရက် ကွန်ကရစ်တံတားများ တည်ဆောက်ပေးခဲ့သည်။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လမ်းများသာမက ကျေးလက်လမ်းများအဖြစ် ကွမ်းခြံကုန်းမှ ကြောင်ပန်းကုန်းရွာလမ်း၊ ဇရပ်ဆိပ်မှ ဝွေးတောက်ချောင်းလမ်း၊ အနန်းကုန်းမှ ပန်းတောကြီးလမ်းနှင့် မဟာစေတီလမ်းများကို ကျောက်လမ်း၊ မြေသားလမ်းများအဖြစ် ခင်းပေးခဲ့သည်။

ဂုဏ်ယူဖွယ်

ပုသိမ်မြို့တွင်းတို့တွင် မြို့ကျက်သရေဆောင်ကန်သုံးဆင့်ကန်ရှိသည်။ ဗန္ဓုလလမ်းပေါ်တွင် ဗန္ဓုလ ပန်းခြံရှိသည်။ ပန်းခြံအတွင်း ဗန္ဓုလ စစ်သူကြီး၏ နယ်ချဲ့အား တိုက်ခိုက်ချေမှုန်းရန် အားမာန်ပါပါဖြင့် ဓားဆွဲထုတ်နေပုံမှာ မျိုးချစ်စိတ်၏ ဂုဏ်ယူဖွယ်ရာပင်....။

ဗန္ဓုလပန်းခြံ အမြဲမပြတ် သာယာလှပစေရေးအတွက် ပန်းအလှမျိုးစုံ စိုက်ပျိုးထားရာ ပန်းအိ၊ နှယ်သာကီ၊ ခရာဝါ၊ ခရာပြာ၊ ရွှေသပြေ၊ စက္ကူပန်း၊ စိန်တံချူ၊ ပွင့်တူရွက်တူ၊ ရွှေဝတ်မှုံ၊ ဒီဇင်ဘာနှင့် ရာသီပန်းများဖြစ်သော ဒါန်း၊ မောနင်းဖလားဝါး၊ သရက်ထည်၊ ကြက်မောက်၊ စတားဝါး၊ အထပ်တစ်ရာ၊ ဂျပန်နေကြာ၊ မညိုးလုံးနှင့် အက်စတာပန်းများဖြင့် ဝေဆာလှပနေသည်။ ပန်းခြံအတွင်းဝင်ရောက်သူတိုင်း စိတ်ကြည်လင်လန်းဆန်းသွားစေသည်။

မီးတိုင်ထွန်း

ပုသိမ်မြို့ ဗန္ဓုလလမ်းတစ်လျှောက် လမ်းလယ်ကျွန်းတွင် ဆိုဒီယမ်မီးတိုင်များ စိုက်ထွန်းထားသည်မှာ ညအခါတွင် အလွန်လှပ ထိန်လင်းနေသည်။ လမ်းလယ်ကျွန်းများ အောင်သုခချွန်း၊ တဂေါင်းချွန်း၊ မေတ္တာဦးချွန်းနှင့် ခန်းမရှေ့ ရင်ပြင်၊ နာရီစင်အဝိုင်းတို့တွင် မြေယာရှုခင်းများနှင့် ပန်းအလှပင်များ စိုက်ထားသည်မှာ စိမ်းစိုလှပနေသည်။ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေဆောင်-ချောင်းသာသွား ပုသိမ်ကြိုးတံတားထိပ်နှစ်ဖက်တွင် မြေခင်းအလှကို ရွက်လှ၊ မြက်ခင်းစိမ်းနှင့် ကိုရန်ကြီးပန်းပင်များဖြင့် လှပစွာ တန်ဆာဆင်ထားသည်မှာ စိတ်ရွှင်လန်း ချမ်းမြေ့ဖွယ်ရာပင်....။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် "မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့အလှကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် မြို့အဖြစ် ကွင်းဆင်းစေ့ငု တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပုသိမ်မြို့အဝင်တွင် ပန်းအလှနှင့် ဆင်ရုပ်ကြီးကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

22-11 (08+09).pmd 2 11/22/2009, 2:51 PM

ဂုဏ်ရည်မြင့်၍ အရှည်တင့်မည့် စာဆိုရာသီ

မောင်ပိုင်

နတ်တော်ရာသီကို စာဆိုရာသီဟု လူသိများကြသည်။ စာဆိုဟူသည်မှာ စာပေရေးဖွဲ့သူ၊ လင်္ကာကဗျာရေးဖွဲ့သူတို့ကို ပေါင်းရုံး၍ ခေါ်ခြင်းဖြစ်သည်။ စာဆိုတို့၏ ကျေးဇူးကြောင့် ကျယ်ဝန်းပြားမြောင်လှသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ် အသီးသီး၏ သိမှတ်ဖွယ်ရာအဖြာဖြာကို ဂနသေချာ လေ့လာသိရှိခွင့် ရရှိကြရသည်။ ဘာသန္တရဗဟုသုတ၊ ဒေသန္တရဗဟုသုတ တိုးပွားကြရသည်။ ထို့ကြောင့် စာဆိုတို့ကို စာပေပညာရှင်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုလိုကြသဖြင့် နှစ်စဉ် နတ်တော်လရာသီကို စာဆိုရာသီအဖြစ် သတ်မှတ်ခဲ့ကြသည်။

စာပေဟူရာ၌ အမျိုးအစားများစွာရှိ၏။ ယင်းတို့အနက် စာဖတ်သူတို့အား ဗဟုသုတတိုးပွားစေရန် ရည်သန်ရေးဖွဲ့သော စာပေကို သုတစာပေဟုလည်းကောင်း၊ စာဖတ်သူတို့အား အမျိုးမျိုးသော ခံစားမှုဟူသောရသကို ဖြစ်ပေါ်စေအောင် တန်ဆာဆင်ရေးဖွဲ့သော စာပေကို ရသစာပေဟု လည်းကောင်း၊ ဗဟုသုတလည်းရစေ၊ ခံစားမှုလည်း ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားသော စာပေကို သုတ၊ ရသ စာပေဟု လည်းကောင်း၊ ခြုံငုံ၍ ခွဲခြားနိုင်သည်။ ထို့အတူ လောကီထုပ္ပတ် လူတို့ဇာတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ အဖြာဖြာ၌ ဦးတည်ရာ ကဏ္ဍ၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ခြုံငုံ၍လည်းကောင်း၊ အသေးစိတ်၍ လည်းကောင်း ရေးသားပြုစုသော လောကစာပေ၊ သက်ဝင်ယုံကြည်သော ဘာသာအယူဝါဒ၏ ဦးတည်ချက်အတွက် သက်ဆိုင်ရာဘာသာအယူဝါဒ ခေါင်းဆောင်များ၏ အဆိုအမိန့်၊ လုပ်နည်းကိုင်နည်းနှင့် ရပ်တည်နေထိုင်နည်းတို့ကို ညွှန်းဆိုရေးဖွဲ့သော ဓမ္မစာပေဟူ၍လည်းကောင်း ခွဲခြားနိုင်ပါသေးသည်။

သို့ရာတွင် မြန်မာစာပေ၌ သုတစာပေ၊ ရသစာပေတို့ပင်ဖြစ်စေ လောကစာပေ၊ ဓမ္မစာပေတို့ပင်ဖြစ်စေ ဗုဒ္ဓ၏ ဒေသနာတော်များကို စံအဖြစ် သတ်မှတ်ကာ ထုတ်နုတ်ယူငင် သုံးစွဲလျက်ရှိကြသည်။ ထို့အပြင် ဗုဒ္ဓ၏ ဒေသနာတော်များကိုပင် စာဖတ်သူများ လက်လှမ်းမီအောင် မြန်မာပြန်ဆို၍ စာပေရေးသားပြုစုခြင်း၊ လောကနှင့် ဓမ္မကို ဆက်စပ်ပြသခြင်းတို့ကိုလည်း တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် မြန်မာစာပေလောက၏ ဓမ္မစာပေ အမျိုးအစားသည် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့လျှင် အရင်းခံဖြစ်ကြ၏။

မြန်မာစာပေသည် ဗုဒ္ဓစာပေဖြစ်သော ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများကို အခြေပြု၍ ထွန်းတောက်လာကြောင်း သမိုင်းအထောက်အထားများစွာရှိသည်။ ယနေ့ ထွန်းတောက်နေသော မြန်မာစာပေအများစု၌ ဗုဒ္ဓစာပေ အငွေ့အသက်များကို တွေ့နိုင်ခြင်းကလည်း သက်သေတစ်ခုဖြစ်သည်။

ပိဋကတ်သုံးပုံမှာ ဝိနည်းပိဋက၊ သုတ္တန်ပိဋကနှင့် အဘိဓမ္မာပိဋကတို့ပင်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ တရားဦးဓမ္မစကြာမှသည် ပရိနိဗ္ဗာန်ပြုခါနီး၌ နောက်ဆုံးမိန့်ကြားတော်မူသော ပစ္ဆိမဝစနသြဝါဒတော်အထိ ဟောကြားတော်မူသမျှ ဒေသနာတော်များကို သုတ္တန်ပိဋကဟူ၍ လည်းကောင်း၊ ဘုရားရှင်က သာသနာ့ဝန်ထမ်း ရဟန်းယောကျ်ား (ဘိက္ခု)နှင့် ရဟန်းမိန်းမ (ဘိက္ခုနီ)တို့ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း သတ်မှတ်ထားချက်များကို ဝိနည်းပိဋကဟူ၍ လည်းကောင်း၊ ဘုရားရှင်က သိမ်မွေ့နက်နဲသော ပရမတ္ထသဘာဝတရားများ၏ ဖြစ်တည်နေမှုကို ကဏ္ဍစုံဖြင့် ဝေဖန်ပြသ၍ ဆက်စပ်နေမှုဖြစ်စဉ်များကို နည်းအမျိုးမျိုးဖြင့် တိကျစွာ ဟောကြားထားမှုများကို အဘိဓမ္မာပိဋကဟူ၍ လည်းကောင်း တူရာတူရာ အစုအဖွဲ့သုံးခု စုစည်းထားခြင်းကို ပိဋကတ်သုံးပုံဟု ခေါ်ခြင်းဖြစ်သည်။

ပိဋကတ်သုံးပုံတွင် သုတ္တန္တပိဋက၌ ဒီဃနိကာယ် သုံးကျမ်း၊ မဇ္ဈိမနိကာယ် သုံးကျမ်း၊ သံယုတ္တနိကာယ် ငါးကျမ်း၊ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်းနှင့် ခုဒ္ဒကနိကာယ် ၁၉ ကျမ်း စုစုပေါင်း ၄၁ ကျမ်းရှိပြီး ဝိနည်းပိဋက၌ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂနှင့်ပရိဝါယဟူသော ဝိနည်းငါးကျမ်းရှိကာ အဘိဓမ္မာပိဋက၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမကနှင့် ပဋ္ဌာနဟူသော အဘိဓမ္မာ ခုနစ်ကျမ်းရှိသည်။

ထိုပိဋကတ်သုံးပုံသည် ဗုဒ္ဓဘုရားရှင်၏ နှုတ်ထွက်ဒေသနာတော်များဖြစ်သည်။ ထိုဗုဒ္ဓဒေသနာတော်များကို မူရင်းအတိုင်း မပျက်ယွင်းအောင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးချိန်မှစ၍ ရဟန်းတော်များက သင်္ဂါယနာ ခြောက်ကြိမ်တင်၍ စိစစ်သုတ်သင်ကာ ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပြီးချိန်တွင် ပိဋကတ်သုံးပုံကို ကျမ်းစာအုပ်များအဖြစ် ရိုက်နှိပ်ထိန်းသိမ်းခဲ့ရာ ကျမ်းစာအုပ်ရေအနေဖြင့် အုပ်ရေ ၄၀၊ စာမျက်နှာပေါင်း ၁၃၀၉၄ မျက်နှာ၊ စာကြောင်းရေပေါင်း ၄၀၄၀၇၀ကြောင်းရှိပြီး အက္ခရာလုံးရေပေါင်းမှာ ၁၁၀၂၁၇၅၀ ရှိပေသည်။

ထို့အပြင် ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကပင် ဘုရားရှင်ဟောကြားသော ဒေသနာတော်များကို အရှင်အာနန္ဒာ စသော နာကြားသူတို့က မရှင်းလင်းသော၊ နားလည်ရန်မလွယ်ကူသော အချက်များရှိပါက ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာ၊ ရှင်မဟာကဿပ စသော အဂ္ဂသာဝက၊ မဟာသာဝကကြီးများထံ မေးမြန်းလျှောက်ထားကြသည်။ ယင်းတို့ကို နားလည်ရှင်းလင်းစေရန် ပြန်လည်၍ အဓိပ္ပာယ်ရှင်းလင်းကြရသည်။ ထို့အတူ နောက်ပိုင်းတွင်လည်း ပရိယတ္တိစာပေ သင်ကြားရာ၌ လည်းကောင်း၊ ဟောပြောပို့ချရာ၌ လည်းကောင်း ပိဋကတ်တော်လာ ပါဠိတော်များကို အဓိပ္ပာယ်ပေါ်လွင်အောင် ရှင်းလင်းကြရသည်။ ယင်းသို့ ပါဠိတော်၏ အဓိပ္ပာယ်ရှင်းလင်းချက်များကို ကျမ်းစာများ ပြုစုတော်မူခဲ့ကြရာ ထိုကျမ်းများကို "အဋ္ဌကထာ" ဟု ခေါ်သည်။ ထိုအဋ္ဌကထာကျမ်းများကို ထပ်ဆင့်ရှင်းလင်းဖွင့်ဆိုသော ကျမ်းများကို "ဋီကာ" ဟု ခေါ်သည်။ ထိုအဋ္ဌကထာနှင့် ဋီကာကျမ်းများသည် ပိဋကတ်သုံးပုံကဲ့သို့ပင် ဘုရားရှင်၏ ဒေသနာတော်များအဖြစ် အစဉ်အဆက်သော ရဟန်းတော်များ၊ လူပညာရှိများက ရေးသားပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ယင်းတို့ကို ဆဋ္ဌသင်္ဂါယနာခေတ်၌ မော်ကွန်းတင်ထားခဲ့သည်မှာ အဋ္ဌကထာကျမ်းစာအုပ်ရေ ၅၁ အုပ်နှင့် ဋီကာကျမ်းစာအုပ်ရေ ၂၆ အုပ် ရှိပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပြီး နောက်ပိုင်း ပြုစုသောကျမ်းများ အများအပြားရှိနိုင်ပါသေးသည်။

ထိုမျှ များပြားသော ပိဋကတ်သုံးပုံ၊ အဋ္ဌကထာနှင့် ဋီကာကျမ်းများကို ပြုစုစောင့်ရှောက်လာကြသော အစဉ်အဆက်သော ရဟန်းတော်တို့တွင် သင်္ဂါယနာတင် ရဟန်းတော်များ၊ အဋ္ဌကထာနှင့် ဋီကာကျမ်းများကို ရေးသားပြုစုတော်မူကြသော ရဟန်းတော်များဟူ၍ လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့အပြင် ပိဋကတ်သုံးပုံပါ ပါဠိတော်ကျမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဘာသာပြန်ဆိုထားသော ကျမ်းစာအုပ်များပင် ထွက်ပေါ်လျက်ရှိနေပြီဖြစ်ရာ ဘာသာပြန် ပြုစုရေးသားတော်မူသော ရဟန်းပညာရှိ၊ လူပညာရှိ ပုဂ္ဂိုလ်များသည် လည်းကောင်း၊ ပရိယတ္တိ သာသနာတော်အတွက် စာသင်သားများ လက်စွဲပြုနိုင်အောင် အထောက်အကူပြု အဓိပ္ပာယ်ဖွင့်ဆိုကျမ်းများ၊ မှီငြမ်းကျမ်းများ၊ အတိုချုပ်မှတ်ရန် မှတ်စုများ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း အလင်္ကာကျမ်းမျိုးစုံတို့ကို ရေးသားပြုစုကြသော ရဟန်းပညာရှိ၊ လူပညာရှိ ပုဂ္ဂိုလ်များသည် လည်းကောင်း၊ ဓမ္မစာပေ ပညာရှင် ပညာရှင်ကြီးများပင် ဖြစ်လေသည်။ အလားတူ လူပုဂ္ဂိုလ်များအတွက် ဒေသနာပါဠိတော်များမှ သင့်လျော်ရာများကို ကိုးကား၍ စာပေရေးဖွဲ့ကြသော ရဟန်းနှင့် လူပုဂ္ဂိုလ်များကိုလည်း ဓမ္မစာပေ ပညာရှင်များအရာတွင် တန်ဖိုးထား နေရာပေး၍ ပူဇော်သင့်လှပေသည်။

နတ်တော်လ စာဆိုရာသီတွင် စာဆိုရှင်များကို ဂုဏ်ပြုသည့်ပွဲတော် အခမ်းအနားများကျင်းပခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်း၊ သက်ကြီးစာပေရှင်များအား ပူဇော်ကန်တော့ပွဲများ ကျင်းပခြင်းတို့သည် ပညာရှိတို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်း၊ ချီးမြှင့်ထိုက်သူတို့အား ချီးမြှင့်ခြင်း၊ ရိုသေထိုက်သူတို့အား ရိုသေခြင်း၊ နှိမ့်ချရိုကျိုးခြင်းဟူသော ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ၊ ပူဇာစပူဇနေယျာနံမင်္ဂလာ၊ ဂါရဝေါစမင်္ဂလာနှင့် နိဝါတောစ မင်္ဂလာမြောက်သော အမှုများဖြစ်၍ အရှည်ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သင့်သည့် အလေ့အထကောင်း ဖြစ်ပါသည်။ ထို့ထက်ပို၍ စာပေပညာရှင်များသာမက ဓမ္မစာပေ ပညာရှင်များကိုပါ ထည့်သွင်းနေရာပေးလျက် ဓမ္မစာပေ ပညာရှင်ကြီးများ၏ ဂုဏ်ကို ချီးကျူးထောမနာပြုခြင်း၊ ၎င်းတို့၏ စာပေများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းခြင်း၊ ဓမ္မစာပေကို အများစိတ်ပါဝင်စားအောင် ဟောပြောပို့ချခြင်း စသည့် အမှုများကိုပါ ပူးတွဲလုပ်ဆောင် သွားသင့်လှပေသည်။

အထူးသဖြင့် စာပေ ပညာရှင်များဟူ၍ နေရာပေးလေးစားခြင်းကို ခံယူနေကြရသော ပုဂ္ဂိုလ်များသည် စာဖတ်သူ အများပြည်သူတို့အပေါ် ရရှိနေသော စာပေသြဇာဖြင့် နှစ်စဉ် ကျင်းပလျက်ရှိသော စာဆိုရာသီ စာပေဟောပြောပွဲများ၌ ဓမ္မစာပေ ပညာရှင်ကြီးများ၏ ဂုဏ်ကို ထုတ်ဖော်ဂုဏ်ပြုဟောပြောခြင်း၊ ၎င်းတို့၏ စာပေများကို ဖော်ထုတ်ဟောပြောခြင်းတို့ကို ဦးဆောင်၍ လုပ်ဆောင်သွားကြမည်ဆိုလျှင် ပိုမိုလေးနက်သော စာဆိုရာသီအဖြစ် ဂုဏ်ရည်မြင့်၍ အရှည်တင့်မည်သာ ဖြစ်ပါကြောင်း။ ။

စာကြည့်တိုက်ဆောက်လုပ်မှု သုံးခွမြို့နယ်၌ စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ၁၇ရက်က ပတုပ်ကျေးရွာအုပ်စု သူကြီးပတုပ်ကျေးရွာ မြန်မာ့ဂုဏ်ရောင်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်စစ်ဆေးကြသည်။ (ယာပုံ)

ဆောက်လုပ်

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာအလှူရှင်များ၏ လှူဒါန်းငွေဖြင့် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ ဆက်)

ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်ပွဲ

မန္တလေး နိုဝင်ဘာ ၂၁

ဆေးတက္ကသိုလ်(မန္တလေး)တွင် ၁၉၈၃ ဖေဖော်ဝါရီလမှ ၁၉၈၈ ဖေဖော်ဝါရီလအတွင်း ဆေးပညာ အတူသင်ကြားခဲ့ကြသော ၂/၁၉၈၃ 2nd M.B.,B.S ဆေးတက္ကသိုလ် မန္တလေးဝင်ခွင့်ရ ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ၊ နှစ်(၂၀)ကျော် ခွဲခွာခြင်း အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲနှင့် မိတ်ဆုံညစာစားပွဲကို လာမည့် ဒီဇင်ဘာ၂၅ရက် (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ အထိ မန္တလေးဆေးတက္ကသိုလ် ပင်မဆောင်၌ ကျင်းပမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဒေါက်တာလွှမ်းမိုး ဖုန်း-၀၉-၂၀၀၁၁၇၃၊ ဒေါက်တာ အေးအေးချစ် ဖုန်း-၀၉-၆၉၇၁၂၅၈၊ ဒေါက်တာအေးအေးလွင် ဖုန်း-၀၉-၂၀၁၉၃၆၀၊ ဒေါက်တာကျော်စိုးရှိန် ဖုန်း-၀၉-၂၀၀၁၃၈၉၊ ဒေါက်တာဇော်မင်းဦး ဖုန်း-၀၉-၅၃၀၁၂၉၉၊ ဒေါက်တာနေမျိုးဦး ဖုန်း-၀၉-၂၀၁၀၇၉၅ နှင့် ဒေါက်တာနုနုရီ ဖုန်း-၀၉-၅၁၁၃၇၅၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၁

အထက(၃) သာကေတ မြတ်ဆရာပူဇော်မည်

အထက(၃)သာကေတ ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအတွက် လှူဒါန်းလိုပါက အပတ်စဉ် တနင်္ဂနွေနေ့ မွန်းတည့် ၁၂နာရီတွင် အထက(၃) သာကေတသို့ လာရောက်လှူဒါန်းနိုင်သည်။

အထက(၁)ရေနံချောင်း မြတ်ဆရာပူဇော်ပွဲ

အထက(၁) ရေနံချောင်း၏ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက်အဖြစ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းနဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးတပည့်များ တက်ရောက်နိုင်ရန် နှိုးဆော်ထားပြီး ဖုန်း-၀၁-၅၇၂၄၄၀၊ ၀၂-၃၁၈၃၆နှင့် ၀၆၀-၂၁၀၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလက(၆)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ အလက(၆) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုပါက ဖုန်း-၅၆၆၁၇၂၊ ၅၆၉၃၆၀ တို့သို့ ဆက်သွယ်နိုင်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဥ့်လုပ်ငန်းရှင်များအသင်းနှင့် ကဏန်းလုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးအနုပညာရှင်များနှင့် စကားနပန်း ရိုက်ကူးထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 မှ ထုတ်လွှင့်ပြသနေသော ဒါရိုက်တာ မောင်သီရိုက်ကူးတင်ဆက်နေသည့် စကားနပန်းအစီအစဉ်တွင် ယခုအခါ သက်ကြီး ရုပ်ရှင်အနုပညာရှင်များနှင့် ငယ်မူပြန်တာကောင်းတယ်၊ ငယ်မူပြန်တာ မကောင်းဘူးအမည်ဖြင့် ရိုက်ကူး၍ မကြာမီ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အက်ဖ်အမ်ပုဂံ ထုတ်လွှင့်နိုင်ရေးစီစဉ်နေ

ပြည်သူများအတွက် ဖျော်ဖြေရေးကဏ္ဍတွင် အက်ဖ်အမ်ရေဒီယိုများ၏ ထုတ်လွှင့်တင်ဆက်မှုများသည် ဒေသနေပြည်သူတို့အတွက် ပညာဗဟုသုတလည်းရ၊ အပန်းလည်းပြေစေသည်။ ယခုအခါ အက်ဖ်အမ်လိုင်းသစ်တစ်ခုဖြစ်သည့် အက်ဖ်အမ်ပုဂံကို ၂၀၁၀ခုနှစ် ဇန်နဝါရီလဆန်းတွင် ထုတ်လွှင့်နိုင်ရန် ထူးကုမ္ပဏီမှ စီစဉ်နေပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသအတွက် အဓိကထုတ်လွှင့်ပေးမည် ဖြစ်သည်။

ပရိဘောဂပစ္စည်းပြပွဲ ခင်းကျင်းပြသ

ရန်ကုန်မြို့ ကမ္ဘာအေးလမ်းရှိ ဂမုန်းပွင့် ရှော့ပင်းမောလ်၌ ပရိဘောဂပစ္စည်းပြပွဲကို နိုဝင်ဘာ ၂၁ရက်မှစတင်၍ ခင်းကျင်းပြသလျက်ရှိရာ ပရိဘောဂဆိုင်ရာ ထုတ်ကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းများဖြင့် နိုဝင်ဘာ ၂၇ရက်အထိ ရောင်းချပေးလျက်ရှိသည်။

အင်တာနက်ဝက်ဘ်ဆိုက်မှ ထီထိုးနိုင်

ပြည်တွင်းအခွန်များဦးစီးဌာနမှ ဖွင့်လှစ်ကျင်းပသည့် အောင်ဘာလေသိန်းထီကို ယခုအခါ အင်တာနက်ဝက်ဘ်ဆိုက်မှ ထီဝယ်ယူထိုးသူများပြားလာကြောင်း သိရသည်။ အဆိုပါ ဝက်ဘ်ဆိုက်ကို စက်တင်ဘာလက လွှင့်တင်ခဲ့ပြီး ဝက်ဘ်ဆိုက်လိပ်စာမှာ www.shwemyanmarlottery.com ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

ဘာစီလိုနာမြေပေါ်မှာ အင်တာမီလန် မျက်နှာပန်းလှဖို့ လွယ်ပါ့မလား

ချန်ပီယံလိဂ်ပွဲကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

နိုဝင်ဘာ ၂၅ ရက်၊ နံနက် ၂း၁၅ နာရီ

ရန်ကုန် နိုဝင်ဘာ ၂၁

ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ် လေးပွဲကစားအပြီးမှာ နောက်တစ်ဆင့် ရောက်သွားတဲ့အသင်းတွေ ပေါ်ထွက်လာခဲ့ကြပြီဖြစ်သလို တချို့အသင်းတွေ ခုထိရုန်းကန်နေကြရဆဲဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုပွဲစဉ်(၅)မှာ ဘယ်အသင်းတွေဆက်လက်ပြီး အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်တက်ရောက်သွားမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။ ပထမနေ့ဖြစ်တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၅)မှာ ဘာစီလိုနာနဲ့ အင်တာမီလန်၊ ရူဘင်ကာဇန်နဲ့ ဒိုင်နမိုကိဗ်၊ အာဆင်နယ်နဲ့ စတန်းဒက်လိဂ်၊ ဒီဘရီစီနီနဲ့ လီဗာပူး၊ ဖီအိုရင်တီးနားနဲ့ လိုင်ယွန်တို့ပွဲတွေဟာ အကြိတ်အနယ်နဲ့ ကြည့်ကောင်းဖို့ရှိနေတယ်။

အုပ်စု(င)

ဖီအိုရင်တီးနား-လိုင်ယွန်

လိုင်ယွန်က နောက်တစ်ဆင့်တက်ဖို့ လက်မှတ်ရသွားပြီ၊ ဒါပေမယ့် အုပ်စုဗိုလ်နေရာကနေ ဘေးမထွက်ပေးချင်တာကြောင့် အိမ်ရှင်ဖြစ်တဲ့ အီတလီကလပ် ဖီအိုရင်တီးနားကို ရအောင်ခံကန်ပြမှာသေချာတယ်။ ဖီအိုရင်တီးနားကလည်း လီဗာပူးကို နောက်ကောက်ချထားနိုင်ဖို့အတွက် ကြိုးစားနေတဲ့အသင်းဆိုတော့ လိုင်ယွန်ကို ဒုက္ခပေးမှာပါ။ ပထမအကျော့မှာ ၁-၀ နဲ့ ရှုံးထားတဲ့အခံကလည်းရှိနေတော့ ဖီအိုရင်တီးနားဟာ အိမ်ခံပရိသတ်ရှေ့မှာ လိုင်ယွန်ကို အသာရအောင် မူတူး၊ နီရယ်လီ၊ ဂျီလာဒီနိုအစရှိတဲ့ ကစားသမားတွေအပြင် မွန်တိုလီဗိုတို့ရဲ့အစွမ်းနဲ့ အနိုင်ရအောင်ကစားပြမှာဖြစ်တယ်။ ဒါကြောင့် လိုင်ယွန်ရဲ့ ရည်မှန်းချက်ပြည့်ဝမယ် မထင်ဘူး။ ဖီအိုရင်တီးနားကို လိုင်ယွန်တို့ ရှုံးဖို့ရာနှုန်းများနေတယ်။

ဒီဘရီစီနီ-လီဗာပူး

လီဗာပူးအတွက်တော့ အခုပွဲမှာ အနိုင်မရရင် ပွဲသိမ်းသွားပြီ။ နဂိုကတည်းက မျှော်လင့်ချက်နည်းနေတဲ့ လီဗာပူးဟာ အုပ်စု အဆင့်တက်ဖို့ ကျားကုတ်ကျားခဲ ကြိုးစားပြီး အဝေးကွင်းမှာ ဒီဘရီစီနီကို ယှဉ်ရမှာဖြစ်တယ်။ ဟန်ဂေရီကလပ်ကလည်း အိမ်ကွင်းစွာတဲ့အသင်းဖြစ်နေတော့ လီဗာပူးသာ လူစုံမပါလာခဲ့ရင် အဝေးကွင်းမှာကစားရ ခက်သွားနိုင်တယ်။ ဒီဘရီစီနီကတော့ မထူးဇာတ်ခင်းပြီး ခံကစားပြမှာဖြစ်နေတော့ ဘင်နီတက်ဇ်အဖို့ သူ့အသင်းကို အဝေးကွင်းမှာသရေတစ်ပေါက်ထက် ကျော်လွန်အောင်လုပ်ဖို့ ခဲယဉ်းသွားပြီ။ ဒါကြောင့် အားစိုက်ရန်းရင် လီဗာပူးပဲနိုင်ဖို့ရှိတယ်။

အုပ်စု(စ)

ရူဘင်ကာဇန်-ဒိုင်နမိုကိဗ်

ဒိုင်နမိုကိဗ်က ပထမအကျော့ကလို ကစားလို့ရမယ်မထင်မိဘူး။ ဒါပေမယ့်

လီဗာပူးအသင်း၏ ကွင်းလယ် မောင်းနှင်အား စတီဗင်ဂျရတ်။

သူတို့တွေ နောက်တစ်ဆင့်ရောက်ဖို့အတွက် အခွင့်အရေးကရှိနေသေးတယ်။ ဘယ်အသင်းမှ မပြတ်မသားဖြစ်နေတဲ့ ကာလမှာ ဧည့်သည်အသင်းဟာ ရူဘင်ကာဇန်ကို အခက်ကြုံအောင်လုပ်နိုင်သေးတယ်။ ရူဘင်ကာဇန်ကလည်း ရပ်တည်နေတဲ့နေရာကနေ ဘေးမဖယ်ပေးချင်တဲ့အတွက် အိမ်ရှင်ပီသစွာ ခံကန်မှာပါ။ ဒီတော့ ဒိုင်နမိုကိဗ် ဂိုးရအောင်ယူဖို့ဆိုတာ မလွယ်တော့ဘူး။ ရှက်ဗ်ချင်ကိုတို့ ပွဲပန်းနေရင် ဧည့်သည်ကိဗ်အတွက် ပိုပြီးတော့တောင်မှ ကစားရခက်သွားနိုင်ပါတယ်။ ဖြစ်နိုင်ခြေ များတာကတော့ ဒိုင်နမိုကိဗ်ဟာ ပိတ်ကစားပြီး ၁-၁ သရေရအောင်တော့ ယူသွားပါလိမ့်မယ်။ အိမ်ရှင်ဟာ ရှုံးမှာကြောက်ပြီး ထိန်းကစားနေမှာကြောင့်ပါပဲ။

ဘာစီလိုနာ-အင်တာမီလန်

ပထမအကျော့မှာ ဂိုးမရှိသရေကျသွားတဲ့နှစ်သင်း နောက်တစ်ကြိမ်ပြန်ဆုံပါပြီ။ ဒါကြောင့် ပွဲကအကြိတ်အနယ်နဲ့ ရှိနေနိုင်ပါတယ်။ နှစ်သင်းစလုံးလူစုံထုတ်ပြီး အပြန်အလှန်နဲ့ ဂိုးတွေသွင်းကြဖို့ရှိပါတယ်။ ခြေသာမှာကတော့ ဘာစီလိုနာပါ။ ဘာစီလိုနာဟာ ရူဘင်ကာဇန်နဲ့ပွဲကလိုမျိုး အဖြစ်ခံမယ်မထင်မိဘူး။ ဒါကြောင့် အုပ်စုဗိုလ် အင်တာကိုအနိုင်ကစားပြီး နောက်တစ်ဆင့်ရောက်ဖို့ ကြိုးစားလိမ့်မယ်။ ပွဲကထင်ထားတာထက် ကြမ်းနိုင်တယ်။ အင်တာနောက်တန်းကတော့ ဘာစီလိုနာနောက်တန်းထက် အလုပ်များနိုင်တယ်။ ဘာစီလိုနာတိုက်စစ်ဟာ နေရာစုံကထိုးဖောက်ဖို့ရှိနေတော့ ဂိုးရဖို့များတယ်။ ဒီတော့ ဘာစီလိုနာ သုံးမှတ်သေချာသလောက်ပါပဲ။

အုပ်စု(ဆ)

ရိန်းဂျား-စတုဂတ်

ရိန်းဂျားရဲ့ဒီရာသီမှာ ကစားသမျှပွဲတွေကို ကြည့်ပြီးပြောရရင် ခြေစွမ်းပိုင်း

စတုဂတ်အတွက် ဂိုးများသွင်းယူပေးနေသော တိုက်စစ်မှူး စချီဘာ။

မှာ တော်တော်လေးညံ့နေတယ်။ နောက်ပြီး ခံစစ်လည်းမလုံခြုံလို့ ဆီဗီလာကို အရှက်တကွဲ အရှုံးပေးခဲ့ရပြီးပြီ။ အုပ်စုကနေ နောက်တစ်ဆင့်ရောက်ဖို့ ဆိုတာလည်း ခက်သွားပြီ။ သိက္ခာအတွက်ပဲ ကစားရတော့မှာဖြစ်နေတော့ စတုဂတ်ကို ဒီပွဲမှာ အမှားနည်းနည်းနဲ့ ကစားမှာပါ။ စတုဂတ်ရဲ့အဝေးကွင်းကစားဟန်ဟာ ရိန်းဂျားလိုပဲ ပုံမှန်မရတတ်တာကြောင့် ရိန်းဂျားတိုက်စစ်ကို ခုခံရတာခက်ခဲနေမှာပါ။ ရိန်းဂျားသာအိမ်ရှင်အားနဲ့ကစားရင် အနိုင်သုံးမှတ်ကို ဖြစ်ညှစ်ပြီး စတုဂတ်ဆီကနေ ခွဲယူသွားဖို့ရှိနေပါတယ်။

ယူနီရီယာ-ဆီဗီလာ

ဒီတစ်ခါမှာတော့ အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်ကိုရောက်သွားတဲ့ ဆီဗီလာတို့ အိမ်ရှင်ရိုမေးနီးယားကလပ် ယူနီရီယာကို အနိုင်ယူဖို့ မဖြစ်နိုင်တော့ပါဘူး။ ယူနီရီယာက အုပ်စုဒုတိယနေရာကနေ နောက်တစ်ဆင့်ရောက်ဖို့ရှိနေလို့ ဒီပွဲကို အားထည့်ပြီး ကစားမှာသေချာတယ်။ ယူနီရီယာဟာ ကစားပုံရော နည်းစနစ်ပါကောင်းပြီး ဂိုးသွင်းသေချာတယ်။ ဒါကြောင့် ဆီဗီလာဟာ အိမ်ကွင်းမှာလိုကစားရတာမချောင်နိုင်တော့ဘူး။ လူစုံမပါရင်တော့ ဆီဗီလာအနေနဲ့ အရေးနိမ့်ဖို့အထိတောင် ဖြစ်သွားနိုင်ပါတယ်။

အုပ်စု(ဇ)

အာဆင်နယ်-စတန်းဒက်လိဂ်

စတန်းဒက်လိဂ်ကတော့ အဝေးကွင်းမှာ အာဆင်နယ်ကိုနိုင်ဖို့မဆိုထားနဲ့ သရေရဖို့တောင်မလွယ်ပါဘူး။ ဒါကြောင့် အာဆင်နယ်ကသာ လူစုံသုံးပြီး ပထမအကျော့ကလို ဆန့်ကျင်ဘက် အနေအထားကနေကစားပြီး တရစပ်ဖိအားပေးမှာပါ။ ဗန်ပါစီ၊ အာရှာဗင် အစရှိတဲ့ကစား

ဂိုးသွင်းခြေထက်မြက်မှုဖြင့် ဘာစီလိုနာအတွက် အောင်ပွဲရှာပေးဦးမည့် မက်ဆီ။

သမားတွေ ခြေတက်နေလို့ ဖာဘရီဂက်စ်နဲ့ တွဲပြီး စတန်းဒက်လိဂ်ခံစစ်ကို ထိုးဖောက်မှာဖြစ်တာကြောင့် အသာရအောင်ကစားနိုင်မှာသေချာတယ်။ နောက်တစ်ဆင့်ရောက်အောင်လို့ ဒီပွဲမှာသေချာပေါက် အနိုင်ရမယ့် အာဆင်နယ်ဟာ အနိမ့်ဆုံး ၂-၀ လောက်နဲ့ နိုင်ဖို့ရှိပါတယ်။

အာဆင်နယ်အသင်းအတွက် မရှိမဖြစ်အရေးပါသော ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။

အယ်လ်ခမာ-အိုလံပီယာကော့စ်

ဒီတစ်ခါတော့ အယ်လ်ခမာရဲ့ အလှည့်ပါ။ ပထမအကျော့ အရှုံးကို ချေဖျက်ပြရမှာဆိုတော့ အိမ်ခံပရိသတ်အားနဲ့ တရစပ်ဖိအားပေးတော့မှာပါ။ အယ်လ်ခမာဟာ နောက်တစ်ဆင့်ရောက်ဖို့ မျှော်လင့်ချက် နည်းသွားပြီဖြစ်ပေမယ့် လက်ကျန်မျှော်လင့်ချက်ကို အသက်သွင်းဖို့ အခုပွဲမှာ ဖောင်ဖျက်ရုန်းပါပြီ။ ဒီရုန်းအားကို ဂရိကလပ် အိုလံပီယာကော့စ်အနေနဲ့ တောင့်ခံဖို့ မလွယ်လှဘူး။ အယ်လ်ခမာကသာ အားစိုက်ကစားပြီး နောက်ဆုံးမှာ ပထမ အကျော့ကလို ၁-၀လောက်နဲ့ပဲ အယ်လ်ခမာဟာ လက်စားပြန်ချေခွင့်ဖို့ရှိနေပါတယ်။ ။

အုပ်စု(င)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
လီယွန်	၄	၃	၁	၀	၁၀
ဖီအိုရင်တီးနား	၄	၃	၀	၁	၉
လီဗာပူး	၄	၁	၁	၂	၄
ဒီဘရီဆီနီ	၄	၀	၀	၄	၀

အုပ်စု(စ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
အင်တာမီလန်	၄	၁	၃	၀	၆
ရူဘင်ကာဇန်	၄	၁	၂	၁	၅
ဘာစီလိုနာ	၄	၁	၂	၁	၅
ဒိုင်နမိုကိဗ်	၄	၁	၁	၂	၄

အုပ်စု(ဆ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ဆီဗီလာ	၄	၃	၁	၀	၁၀
ယူနီရီယာ	၄	၁	၂	၁	၅
စတုဂတ်	၄	၀	၃	၁	၃
ရိန်းဂျား	၄	၀	၂	၂	၂

အုပ်စု(ဇ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
အာဆင်နယ်	၄	၃	၁	၀	၁၀
အိုလံပီယာကော့စ်	၄	၂	၀	၂	၆
စတန်းဒက်လိဂ်	၄	၁	၁	၂	၄
အယ်လ်ခမာ	၄	၀	၂	၂	၂

ဖောင်ပိတ်အားကစားသတင်း

ချယ်လ်ဆီးအိမ်ကွင်း၌ ဂိုးပြတ်နိုင် အာဆင်နယ်က ဆန်းဒါးလန်းကိုရှုံးနိမ့်ခဲ့

လန်ဒန် နိုဝင်ဘာ ၂၁

ပရီမီယာလိဂ်ပွဲစဉ်(၁၃) ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၂၁ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အစောပိုင်းပွဲစဉ်တွင် လီဗာပူးနှင့်မန်စီးတီးတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

လီဗာပူးတို့ အိမ်ကွင်း၌ နိုင်ပွဲအဖြေရှာရန် မန်စီးတီးနောက်တန်းကို ပွဲစသည်နှင့် ထိုးဖောက်ကစားခဲ့သည်။ သို့သော် ဒုတိယပိုင်းပြန်စပြီး ငါးမိနစ်အကြာ စကာတယ်က

လီဗာပူးကစားသမားများနှင့် မန်စီးတီးကစားသမား ရိုက်ဖီးလစ်တို့ ဤသို့အကြိတ်အနယ် . . . ။

ခြောက်ကိုက်အကွာမှ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၆၀တွင် မန်စီးတီးမှ ဂါးရက်ဘာရီအစား တီဗက်ဇ် ဝင်ကစားခဲ့သည်။ တီဗက်ဇ်ဝင်လာသဖြင့် မန်စီးတီးကစားကွက်မြင့်လာသည်။ ပွဲချိန် ၆၉မိနစ်တွင် တိုက်စစ်မှူး အဒီဘာယောက ဘယ်လာမီ၏ ဝဲထောင့်ကန်ဘောမှတစ်ဆင့် လှလှပပ ခေါင်းတိုက်ဂိုးသွင်းယူ ချေပခဲ့သည်။ မန်စီးတီးတို့ ယင်းဂိုးကြောင့် တိုက်စစ်မြူးလာသည်။ ပွဲချိန် ၇၆မိနစ်တွင် စတီဗင်အိုင်ယာလန်က လီဗာပူး နောက်တန်းလူများကြားမှ အနီးကပ်ဂိုးကန်သွင်းယူခဲ့သည်။ သို့သော် ယင်းဂိုးသွင်းပြီးတစ်မိနစ်အကြာ၌ ဘီနာယောင်က အိမ်ရှင်လီဗာပူးအတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ ဝူလ်ဗာဟမ်တန်အသင်းကို လက်ခံကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ချယ်လ်ဆီးတို့ပွဲစလျှင်စချင်း လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီးငါးမိနစ်အတွင်းမှာပင် မာလူဒါက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၁၂မိနစ်တွင် မာလူဒါ ဖြတ်တင်ဘောမှတစ်ဆင့် အက်ဆီယံသွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးတို့ ကစားကွက်ပိုကောင်းလာသည်။ ပွဲချိန် ၂၂မိနစ်တွင် ကာလူးဖြန့်ချပေးလိုက်သော ဘောလုံးမှတစ်ဆင့် အက်ဆီယံသွင်းယူခဲ့ပြန်သည်။ ချယ်လ်ဆီး၏ ပွဲသိမ်းအနိုင်ဂိုးကို ဂျိုးကိုးလ်က အနယ်လ်ကာ၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးကွင်း လယ်ကစားသမား အက် ဆီ ယံ ဝူလ် ဗာ ဟမ်တန် နောက်တန်းကို ဤသို့ထိုးဖောက် ကစား ခဲ့သည်။

အာဆင်နယ်ရှုံးနိမ့်

အာဆင်နယ်တို့ ဆန်းဒါးလန်းကွင်းသို့ သွားရောက်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြန်ခဲ့ရသည်။ ဆန်းဒါးလန်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒါရင်ဘင့်က ပွဲချိန် ၇၁မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဒါရင်ဘင့်သည် ယခုနှစ် ဘောလုံးရာသီမှာ ဆန်းဒါးလန်းအတွက် လေးပွဲကစားရာတွင် ပထမဆုံးသော ဂိုးအဖြစ် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာမင်ဂမ်နိုင်

ဘာမင်ဂမ်အသင်းနှင့် ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘာမင်ဂမ်အသင်းက အိမ်ကွင်း၌ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရမှတ်သုံးမှတ် ယူနိုင်ခဲ့သည်။ ဘာမင်ဂမ်အသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၁၆မိနစ်မှာပင် လီဘောင်ယာက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဘန်လေသရေ

ဘန်လေနှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့ပြီး ရမှတ်ခွဲဝေယူခဲ့ကြသည်။ ဘန်လေတို့အိမ်ကွင်း၌ အဖွင့်ဂိုး အသွင်းကောင်းသော်လည်း ဟတ်စကီး၏ နောက်ကျဂိုးကြောင့် သရေပွဲဖြင့် ကျေနပ်ခဲ့ရသည်။ ဘန်လေအတွက် အဖွင့်ဂိုးကို ပွဲစပြီးကိုးမိနစ်အကြာ စတီးကားလ်ဝဲလ်က အနီးကပ်သွင်းယူခဲ့သည်။

ဟူးလ်စီးတီး

ဟူးလ်စီးတီးနှင့် ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားရာတွင် အပြန်အလှန်တစ်ဖက်သုံးဂိုးစီ သွင်းယူခဲ့ကြသဖြင့် သရေပွဲဖြစ်ခဲ့သည်။ ။ (အင်တာနက်)

မြင့်မောင်စိုး - စုစည်းရေးသားသည်



(၁၀)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၁-၁၁-၂၀၀၉ရက်တွင် ကျရောက်သော သူငယ်ချင်းကိုဇော်ဘိုခန့်နှင့် မမာလာဖြူတို့၏ (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှနောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သောမိသားစုနှင့်အတူတကွ ကောင်းကျိုးမှန်သမျှ ပိုင်ဆိုင်နိုင်ပါစေ-

ညီညီနိုင် - ရင်ရင်နိုင်
ကျော်ရှိန် - နန်းဖူး
ကျော်ထွန်း - ဖြူအိ
ဖိုးဇော် - ယဉ်ယဉ်
ဇော် - မာမာတိုး
အောင်နိုင် - မာမာအုန်း။

အမည်ပြောင်း

အဖဦးဝင်းမြင့်၏ သမီး ခင်ချိုသဲ မှတ်ပုံတင်အမှတ် ၈/ရနခ(နိုင်)၀၇၈၉၆၈အား ယနေ့မှစ၍ မရွှေရတီဟုပြောင်းလဲခေါ်ပါရန်။

မရွှေရတီ။



(၁၀)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၁-၁၁-၂၀၀၉ရက်တွင် ကျရောက်သော ပါပါးဦးဇော်ဘိုခန့်(MD, မြန်မာတကောင်း ကျောက်မျက်ကုမ္ပဏီ)နှင့်မေမေဒေါ်မာလာဖြူတို့၏ (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး - ခန့်နေခြည် အထက(၁)ဒဂုံ
သမီးလတ် - ခန့်ရေကြည်
သမီးငယ် - ခန့်အိမ်စည်
တူမ - ဖိုးအိကြွယ်၊ မိုးပွင့်ဖြူအောင်။

ကားရောင်းမည်/တန်မှဝယ်ပါ

(၁) Dong Feng (၁၄ပေ Truck)၊ ရန်ကုန်လိုင်စင်၊ ၂၈/---၊ ဖရိမ်+တန်းကြီး၊ ကားကောင်း။ (ရောင်းဈေး ကျပ်၇၅သိန်း)၊
(၂) Isuzu ပုံဟောင်း(4x4 Tipper သုံးစီး+Truck ခြောက်စီး)၊ ဖရိမ်+စာရွက်(တစ်စီး=ကျပ်၁၀-၁၅သိန်းကြား)၊ Jayfong Truck (ကျပ်ခြောက်သိန်း)၊
(၃) Honda CG 125 (လေလံ) ၁ယ/၉သောင်း(ကျပ်နှစ်သိန်း)၊
(၄) ဂျပန် Super Cub 90 (လေလံ) ၁ယ/၉သောင်း၊
(၅) Yamaha C 100 (လေလံ) (ကျပ်တစ်သိန်း)။

ဖုန်း-၀၉-၈၅-၅၂၇၂၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Hand Phone i Phone ကာဘာအနီရောင်အငှားယာဉ်ပေါ်တွင် ၂၁-၁၁-၂၀၀၉ရက် နံနက် ၂နာရီခန့်က ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၄၃၉၈၃၊ ၀၉-၉၉-၇၀၆၁၆။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

သဘာဝဘေးအန္တရာယ်တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အင်းစိန်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သဘာဝဘေးအန္တရာယ် တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်ထားမှုများကို တင်ပြကြသည်။ (၁၁၃)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ချီးမြှင့်သည့် ထောက်ပံ့ငွေများကို မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများသို့ ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ပေးအပ်

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအရုံးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ဗဟိုဌာနချုပ်မှ ထောက်ပံ့ချီးမြှင့်သည့်ငွေသားနှင့် မြို့နယ်မှ ချီးမြှင့်သည့် ဂုဏ်ပြုတံဆိပ်နှင့် ငွေသားတို့ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူ အသီးသီးတို့က တစ်ဦးချင်းစီ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ချီးမြှင့်

အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခြောက်ဦးအား တစ်ဦးလျှင် ကျပ်၂၀၀၀၀၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကိုးဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား တစ်ဘာသာကျပ် ၁၀၀၀၀ နှုန်းဖြင့် ဂုဏ်ပြုတံဆိပ်ကို လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးမပါ အောင်မြင်သူများအား ငွေသားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (၁၂၃)

ပဲခူးမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးမြို့နယ်အတွင်းရှိ ဘုရားကြီးကျေးရွာ ပညာအလင်းစာကြည့်တိုက်နှင့် ဝမ်းဘဲအင်းကျေးရွာ မြတ်ဣန္ဒာစာကြည့်တိုက်များတွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စံ(၅)ချက်နှင့် ညီညွတ်ရေး၊ ငွေပဒေသာပင်စိုက်ထူရေး ကိစ္စများကို အောက်တိုဘာ ၂၅ရက်က ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက စာငှားစနစ် လက်တွေ့ကျင့်သုံးရေး လက်တွေ့ ပြသခဲ့သည်။

ယင်းနောက် ဝမ်းဘဲအင်းကျေးရွာ မြတ်ဣန္ဒာစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက သုတ၊ ရသ၊ ဂျာနယ်စာအုပ် ၂၀၀ကို စာကြည့်တိုက်မှူးဦးအောင်ညိုထံ လှူဒါန်းခဲ့သည်။ (ယာပုံ) (ခရိုင် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၁

မြောက်ဥက္ကလာပမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်၅၆ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၃၃ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ငါးဦးတို့အား ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်ပွဲကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးငြိမ်းအောင်ခန်းမတွင် ယနေ့ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)က အမှာစကားပြောကြားပြီး မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလည်းကောင်း **(အပေါ်ပုံ)**၊ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးကလည်းကောင်း ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ထောက်ပံ့ချီးမြှင့်ငွေ ရရှိသူများကိုယ်စား အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အရာခံဗိုလ်တင်အေး(ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ဇလုပ်ကြီး တံတား

မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဇလုပ်ကြီးတံတား ပေ ၂၅၀ × ၁၂ပေ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ပိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ဧရာဝတီတိုင်းဂုဏ်ရောင် ပုသိမ်မြို့အလှတန်ဆောင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ကိုတင်လှိုင် (မိတ္ထီလာ)

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်-ပုသိမ် ပြေးဆွဲသော ရှမ်းမလေးအမြန်ယာဉ်သည် ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်တွင် ပြေးလွှားနေသည်။ ရန်ကုန်မှ စထွက်လာကတည်းက လမ်းတစ်လျှောက် စပါးခင်းများသည် မျက်စိတစ်ဆုံး စိမ်းလန်းစိုပြည်လျက်....။ ပုသိမ်ကားလမ်းပေါ်တွင် ကားများက အဆက်မပြတ် မောင်းနှင်လျက်....။ ပုသိမ်သို့သွားသော ကားများ၊ ပုသိမ်မှ ရန်ကုန်သို့လာသော ကားများနှင့် မှန်လုံခရီးသည်တင်ကားများ၊ ကိုယ်ပိုင်ယာဉ်များ စသည်ဖြင့် စုံလှသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ❐

ပုသိမ်မြို့အဝင် လမ်းဆုံတွင် အမိမြန်မာပြည်ရုပ်တုက ရွှေဖလားနှင့် အောင်သပြေကိုင်ကာ ကြိုဆိုနေပုံကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-ကိုတင်လှိုင်(မိတ္ထီလာ)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှလုံးကျန်းမာစေရန် ငါးဟင်းလျာကို မှန်ကန်စွာ ချက်ပြုတ်စားသင့်



နှလုံးကျန်းမာအောင် မည်သို့ပြုစုစောင့်ရှောက်ရမည် ဆိုခြင်းကို ထမင်းစားပွဲ၌ ငါးဟင်းကို မည်သို့ချက်ပြုတ်၊ ကြော်လှော် စားသင့်သည်ဆိုခြင်းက အဆုံးအဖြတ်ပေးပါလိမ့်မည်ဟု သုတေသီများက ပြောဆိုသည်။

နှလုံးကျန်းမာစေလို

သူတို့ အဆိုအရ နှလုံးကျန်းမာစေလိုလျှင် ငါးကြော်နှင့် အာလူး (ချောင်း) ကြော်စားမှုကို ဝေးဝေးကရှောင်ကာ ငါးကိုပြုတ်ပြီး ပဲင်ပြာရည်အနှောက်ကို ဆမ်းစားသင့်သည်ဟု ဆိုသည်။

စာမျက်နှာ ၇ ကော်လံ ၃ ●